# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၂၂) ၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ၊ ၂၂-၁၀-၂၀၂၄ ၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမြင့်မားလာမည်

## နိုင်ငံ့စီးပွားရေး တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း၊ အများစုကောက်ခံပြီးဖြစ်သော်လည်း ဆက်လက်၍ ကောက်ယူရန်ရှိသည့် နေရာများကျန်ရှိနေသေးကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးအရ ကောက်ယူရန်ကျန်ရှိသည့် နေရာများတွင်လည်း ဆက်လက်ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့်

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာမည်

နေပြည်တော် အောက်တိုဘာ ၂၁

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## ကိုယ့်အကျိုးသူ့အကျိုးမျှတအောင်ဆောင်ရွက်တတ်ရမည်

လောကကြီး၏ အလုကို တစ်ဦးကောင်း၊ တစ်ယောက်အားဖြင့် မစွမ်းဆောင်နိုင်ပါ။ လူသားအားလုံး"ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"စကားအတိုင်း တစ်ဦးအကျိုးကို တစ်ဦးက အကျိုးပြုပေးခြင်းဖြင့် တင့်တယ်ခန့်ညားနေမည်ဖြစ်သည်။ သဘာဝတောတောင်ရေမြေတို့၏ အလှတို့ကို အစဉ်အဆက်သာယာလှပစေရန် လူသားတို့က ပြုပြင်ထိန်းသိမ်းမှုဖြင့် တည်တံ့စေရာဖြစ်သည်။ ထို့ကြောင့် ဩကာသလောကကြီးတွင် တစ်ဦးကိုတစ်ဦး ရိုသေ၊ လေးစား၊ မေတ္တာပွားခြင်းဖြင့် အပြန်အလှန် ဆက်ဆံသွားကြရမည်ဖြစ်သည်။ လောကကြီးတွင် တစ်ဦးတစ်ယောက်တည်း ရပ်တည်၍မရနိုင်ပေ။ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟများ လိုအပ်မည်ဖြစ်သည်။ ထို့ပြင် မိတ်ဆွေအပေါင်းအသင်းများကြားတွင် သူ့အကျိုးကို တတ်နိုင်သမျှဆောင်ခြင်းဖြင့် မိမိအကျိုးကိုလည်း အောင်မြင်ပြီးမြောက်စေမည်လည်းဖြစ်သည်။ ကိုယ့်အကျိုး၊ သူ့အကျိုးကို မျှတအောင်ဆောင်ရွက်နေနိုင်သမျှကာလပတ်လုံး နှစ်ဦး၊ နှစ်ဖက်ကြည်ဖြူချမ်းမြေ့မှုကို ရရှိစေမည်ဖြစ်သည်။

ထို့ပြင် မိဘနှင့်သားသမီး ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့်အလုပ်သမား စသည့်လူတန်းစားအဆင့်တိုင်းတွင် တစ်ဦး၏အကျိုးကို တစ်ဦးက သိတတ်စွာ ဖြည့်ဆည်းပေးခြင်းဖြင့် မင်္ဂလာရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပြီးဖြစ်ပေသည်။ သားသမီးအကျိုးကို မိဘတိုင်းက ဖြည့်ဆည်းပေးလျက်ရှိသည်။ တပည့်တို့၏အကျိုးကိုလည်း ဆရာများက ဖြည့်ဆည်းပေးလျက်ရှိသည်။ အလုပ်သမားများ၏အကျိုးကိုလည်း အလုပ်ရှင်များက ဖြည့်ဆည်းပေးခြင်းဖြင့် လောကကြီး ငြိမ်းချမ်းသာယာလျက်ရှိသည်။ ထိုအခါ မိဘနှင့် သားသမီးကြား၊ ဆရာနှင့် တပည့်ကြား၊ အလုပ်ရှင်နှင့် အလုပ်သမားကြား လူတန်းစားခွဲခြားမှုမြူမှိုင်းများ ကင်းဝေး၍ လောကနိဗ္ဗာန်ကို ခံစား စံစားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လောကနိဗ္ဗာန်ခံစားလိုသူတိုင်းသည် ကိုယ့်အကျိုး၊ သူ့အကျိုးမျှတအောင် ဆောင်ရွက်တတ်ရန် အရေးကြီးလှပါသည်။

လောကကြီးကို သာယာလှပစေလိုသူတိုင်းသည် တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတမှသာ အဆင်ပြေနိုင်ပြီး ဘဝအမောတွေ ကင်းဝေးနိုင်မည်ဖြစ်သည်။ အများအကျိုးဆောင်ရွက်လိုသောစိတ်ဓာတ် တည်ရှိကိန်းအောင်းကြရန်လည်း လိုအပ်မည်ဖြစ်သည်။ အတ္တဟိတနှင့် ပရဟိတ နှစ်မျိုးတွင် ပရဟိတဟုခေါ်ဆိုသော အများအကျိုးကို ဦးစားပေးဆောင်ရွက်ပေးခြင်းဖြင့် ကိုယ့်အကျိုးကိုပါ အောင်မြင်စေနိုင်ပါသည်။ ထို့ကြောင့် အများအကျိုးကို သယ်ပိုးလိုစိတ်မွေးမြူသင့်လှပါသည်။

သို့ဖြစ်ရာ လောကပတ်ဝန်းကျင်တွင် အများနှင့် နေထိုင်ရသဖြင့် အများနှင့်လိုက်လျောညီထွေရှိအောင် နေထိုင်တတ်ရပါမည်။ ကိုယ့်အကျိုး၊ သူ့အကျိုးမျှတအောင် ဆောင်ရွက်တတ်ရမည်ဖြစ်သည်။ "ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မရွဲ့မစောင်း၊ မှန်လမ်းကောင်းဖြင့်၊ စိတ်ကောင်းနှင့်ယှဉ်၊ ရေးရှုနှင်လော့"ဟူသော ဆောင်ပုဒ်စကားတို့နှင့်အညီ ကျင့်ကြံနေထိုင်သင့်လှပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေး မြန်မာ့စီးပွားရေးဘဏ်(၂)တွင် အငြိမ်းစားဝန်ထမ်းပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ



**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၄လမ်းနှင့် ၈၃ လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်(၂)တွင် အောက်တိုဘာလအတွက် အငြိမ်းစားဝန်ထမ်းပင်စင်လစာငွေများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းမှ စတင်ထုတ်ပေးလျက်ရှိသည်။

ပင်စင်ထုတ်၊ ပင်စင်စားများ အဆင်ပြေ စိတ်ချမ်းမြေ့စွာ ထုတ်နိုင်ရေး အမိုးများ၊ ထိုင်ခုံများစီစဉ်ပေးထားသည်။ ထို့ပြင် အချိန်ကြာမြင့်စွာ မစောင့်ဆိုင်းရအောင် မိမိထုတ်ယူရမည့်နေ့ရက်အလိုက် တုံကင်များကြိုတင်ထုတ်ပေးထားကြောင်း သိရသည်။ (ယာပုံ)

ထို့ပြင် အငြိမ်းစားဝန်ထမ်းပင်စင်လစာငွေများကို E-Pension ကတ်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (၁၊ ၂၊ ၃) အပါအဝင် Centralized e-pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများတွင်လည်း သွားရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

(ဝဥဝ)

ဝ-ဝ-ဝ-ဝ-ဝ

## စက်သုံးဆီနှင့် စားသုံးဆီကဏ္ဍအတွက် ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ၃၅ သန်းရောင်းပေးမည်

**မန္တလေး အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာ ၃၅ သန်းကို စက်သုံးဆီနှင့် စားသုံးဆီကဏ္ဍအတွက် နိုင်ငံခြားငွေ အခက်အခဲမရှိစေရန် ရောင်းချပေးမည်ဟု အောက်တိုဘာ ၂၀ ရက်က အသိပေးကြေညာခဲ့ကြောင်း သိရသည်။




နိုင်ငံခြားငွေများကို ဗဟိုဘဏ်မှ ဆက်တိုက်ရောင်းချပေးလျက်ရှိသည့်အတွက် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းမှာ ပြင်ပဈေးကွက်တွင် ကျဆင်းလာသည်ဟုဆိုသည်။

"ပြင်ပ ဒေါ်လာဈေးက တစ်ဒေါ်လာကို ၅၀၀၀ ကျပ်အထက်ကနေ ခုဆိုရင် ၄၀၀၀ ကျော်မှာ ရှိတော့ ဒေါ်လာဈေးကျသွားတယ်။ ပြည်ပကနေ စက်သုံးဆီနဲ့ စားသုံးဆီတင်သွင်းတဲ့အခါ လိုအပ်တဲ့ နိုင်ငံခြားငွေကို ဗဟိုဘဏ်က ဆက်တိုက်ဆိုသလို ရောင်းချပေးနေတယ်" ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေများကို ရောင်းချပေးရာတွင် အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ ၃၄ သန်းကျော်၊ တရုတ်ငွေ ယွမ်ငွေ ၃ သန်းကျော်၊ ထိုင်းငွေ ဘတ်သန်း ၂၆၀ ကျော် ရောင်းချပေးပြီးဖြစ်သည်ဟု သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

ဝ-ဝ-ဝ-ဝ-ဝ

## တံတားဦးမြို့နယ်တွင် ဆောင်းသီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးမည်

**တံတားဦး အောက်တိုဘာ ၂၁**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးနှံများကို စိုက်ပျိုးကြသည်။

ယခုနှစ် တံတားဦးမြို့နယ်တွင် ဆောင်းသီးနှံမျိုးစုံကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းရာသီတွင် သက်ဆိုင်ရာဌာနများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးလုပ်ငန်း ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် အဆင့်ဆင့် တာဝန်ခွဲဝေဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆောင်းသီးနှံဖြစ်သည့် ဆောင်းဆီထွက်သီးနှံစုံများ၊ ဆောင်းပဲမျိုးစုံများ၊ ဆောင်းစားဖိုဆောင်သီးနှံစုံများ၊ ဆောင်းဟင်းသီးဟင်းရွက်မျိုးစုံများ၊ အခြားသီးနှံမျိုးစုံများကို စိုက်ပျိုးမည်ဖြစ်ပြီး စိုက်ပျိုးသည့် သီးနှံများ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် စနစ်တကျစောင့်ကြည့်ဆောင်ရွက်ကာ ရာသီဥတု၊ ရေ၊ မြေဒေသနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နည်းပညာ၊ နည်းစနစ်ကောင်းများ ဖြန့်ဝေပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

တံတားဦးမြို့နယ် တောင်သူများအနေဖြင့် ဆောင်းသီးနှံမျိုးစုံကို လာမည့်လတွင် စတင်စိုက်ပျိုးမည်ဖြစ်ရာ အရည်အသွေးပြည့်မီသည့် သီးနှံမျိုးစုံစိုက်ပျိုးနိုင်ရေးတို့ကို ကျေးရွာများအရောက် ကွင်းဆင်းပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(အောက်ပုံ)**

**ဦးရဲတင့်(ပြန်/ဆက်)**



**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews paper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ✪ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်




ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၄)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

☆ ရှေ့ဖုံးမှ

သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများ အားလုံးကို နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

**ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး**

ပြီးခဲ့သည့်လအတွင်း ရာဂီမုန်တိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခဲ့သည့် အရှိန်များကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်ပွားစဉ် လူသေဆုံးမှုအနေဖြင့် ယခုအချိန်အထိ စာရင်းအရ ၄၄၄ ဦးရှိခဲ့ကြောင်း၊ အလားတူ အိမ်မွေးတိရစ္ဆာန်များသေဆုံးခဲ့သကဲ့သို့ နေအိမ်အဆောက်အအုံများ၊ လမ်း၊ တံတားများပျက်စီးခဲ့ပြီး ယာဉ်၊ ယန္တရားများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနက် ယခုဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် စေတနာရှင်ပြည်သူများနှင့် ပရဟိတ အဖွဲ့အစည်း အသီးသီးအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်ကို တွေ့ရှိရသဖြင့်လည်း မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း။

ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းပမာဏကျယ်ပြန့်သဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်အပြင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရန် လိုအပ်သဖြင့် နိုင်ငံတော်အဆင့် အလှူငွေလက်ခံခြင်းကို သုံးကြိမ်ဆောင်ရွက်ခဲ့ရာ အလှူငွေ ၅၃ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့်လည်း သက်ဆိုင်ရာနေရာအသီးသီးသို့ သွားရောက်လှူဒါန်းခြင်း၊ ဝိုင်းဝန်းကူညီခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီအသင်းအဖွဲ့များကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် စေတနာရှင်၊ အလှူရှင်များအားလုံး၏ လှူဒါန်းမှုများကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း။

**မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဆောင်ရွက်**

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပခဲ့ပြီး မကြာမီအချိန်တွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးကို ယခုကဲ့သို့အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည့် ကဏ္ဍအလိုက် တာဝန်ရှိသူများကို အသိအမှတ်ပြုကြောင်း၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအားလုံးမှ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ယခု **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း၊** ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးက ဆက်လက်၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တာဝန်ထမ်းဆောင်မှု**

ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ ထမ်းဆောင်ရသည့် ကဏ္ဍအလိုက်နှင့် ဒေသ၏အကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့်မှ သိသင့်သိထိုက်သည်များကို တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံတော်အဆင့်မှ လမ်းညွှန်မှာကြားရန်လိုအပ်သည်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည်များကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့် ပတ်သက်ပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် အလေးထားတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့် ရုံးဌာနများနှင့် လုပ်ငန်းတာဝန်များ ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အခက်အခဲများဖြစ်ပေါ်ပါက တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ရာတွင် ရိုးရိုးသားသားဖြင့် မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်သွားရန်လိုပြီး မိမိတို့လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

**ကမ္ဘာပေါ်တွင် စားရေရိက္ခာ ထုတ်လုပ်သည့် နိုင်ငံတစ်ခုအဖြစ် ဂုဏ်ယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်**

မိမိတို့အနေဖြင့် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားခဲ့မှုကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုအားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခဲ့ကြောင်း၊ သို့သော် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုအားနည်းနေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း ထိုက်သင့်သလောက် တိုးတက်မှုမရှိသေးကြောင်း၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် စံပြစိုက်ခင်းများ စိုက်ပျိုး၍ စံနမူနာပြဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးအား တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့တွင်ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို **စာမျက်နှာ ၄ သို့ »»»**

❖ **မိမိတို့တွင် ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန်လို**

❖ **ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရမည်၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏ နည်းစနစ်များကိုလည်း လေ့လာအတုယူ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက်လည်း အသီးအနှံများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အားပေးဆောင်ရွက်**

»» စာမျက်နှာ ၃ မှ

အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန်လိုကြောင်း၊ ရေကို အကျိုးရှိစွာအသုံးချနိုင်ရမည်၊ မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏ နည်းစနစ်များကိုလည်း လေ့လာ အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက်လည်း အသီးအနှံများ ပိုမို ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အားပေးဆောင်ရွက် သွားရန်လိုကြောင်း၊ မိမိတို့တွင်ရှိသည့် အခြေခံကောင်း များကို ကောင်းစွာအသုံးချနိုင်ခြင်းသည် နိုင်ငံ၏ အားပင်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို အောင်မြင်အောင်ဆောင်ရွက်ပြီး ထုတ်ကုန် များနှင့်ပို့ကုန်များ တိုးမြှင့်လာအောင် ဆောင်ရွက်ကာ ကမ္ဘာပေါ်တွင် စားရေရိက္ခာကို ထုတ်လုပ်သည့်နိုင်ငံ တစ်ခုအဖြစ် ဂုဏ်ယူနိုင်ရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဖြင့် မွေးမြူနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ဒေသန္တရမွေးမြူခြင်းထက် လှောင်၍မွေးမြူပြီး ဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူပြု မည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အတွက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံ သင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ စနစ် တကျဆောင်ရွက်သွားမည်ဆိုပါက စားသောက်ကုန် များ များစွာထုတ်လုပ်နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာ မည်ဖြစ်ကြောင်း။

နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်း များအထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်း နှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန်လည်းလိုကြောင်း၊ တိုင်းပြည် ၏ အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချ နိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်မှုများ တွင် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများကို သာ အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတွင်းရှိ အခြားသော ပြည့်ဖြိုးမြ အခြေခံသယံဇာတများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုလည်း အားပေးဆောင်ရွက်ကြ စေလိုကြောင်း၊ ဥပမာအားဖြင့် သစ်၊ ဝါး၊ ကြိမ်၊ ရော်ဘာ တို့ကို အခြေခံသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း များကိုအားပေးဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ် စေနိုင်မည်ဖြစ်ကြောင်း။

> ❖ နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက် ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းနှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်
>
> ❖ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန် လည်းလိုကြောင်း၊ တိုင်းပြည်၏ အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက် လာနိုင်မည်

**ဝါနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လိုကြောင်း၊** တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အထည်လုပ်ငန်းများရှိကြပြီး ချည်နှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ် ကြောင်း၊ ဝါနှင့်ပတ်သက်၍ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရန်လိုပြီး စိုက်ကေများမှ ထွက်ရှိ လာသည့် ဝါဂွမ်းများမှ အဆင့်မီသည့်ချည်ထည် ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည် ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်း လိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင် မည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ တစ်ခေတ်ဆန်း နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ရော်ဘာထုတ်ကုန်များကိုလည်း မိမိတို့ ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များ ကို လျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုများကိုအားပေး၍ ပြည်တွင်းလိုအပ်ချက် ပြည့်မီစေရေး ထုတ်လုပ်နိုင်ကြရန်လိုကြောင်း။

## ပညာရေးနှင့် ခရီးသွားကဏ္ဍ

မကြာမီကာလအတွင်း တက္ကသိုလ်များ ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားများ အားလုံး လုံခြုံချောမွေ့စွာ၊ ပျော်ရွှင်ချောမွေ့စွာဖြင့် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားခဲ့ရ သည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန် တွင်လည်း ကျောင်းသား ကျောင်းသူများ စိတ်လက် ချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေး ကျောင်းများ အတွင်း သန့်ရှင်းသာယာမှုရှိအောင် ဆောင်ရွက်ပေး ကြရန်လိုသကဲ့သို့ တန်းစဉ်အလိုက် သင်ရိုးအားလုံး တတ်မြောက်စေရေး အချိန်ပိုစာသင်ချိန်များဖြင့် သင်ကြားပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက် ၍ ကျောင်းများတိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ဆရာ ဆရာမ များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီ ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြား လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွား များ လာရောက်လည်ပတ်လိုသည့်ဒေသများဖြစ်စေရေး **ဒေသများအလိုက်သန့်ရှင်းသာယာလှပပြီး ပန်းပေါင်း ဝေဆာသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်ကြ စေလိုကြောင်း၊** အလားတူ ဒေသအလိုက် ထုတ်ကုန် ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်းခိုသည့်ဟိုတယ် များနှင့် တည်းခိုခန်းများ သန့်ရှင်းမှုရှိစေရေးအတွက် လည်း တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက် ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာ ရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက် နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး စံပြ စိုက်ခင်းများစိုက်ပျိုး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းစေရေး ဆက်လက်ဆောင်ရွက်သွား ရန်လိုကြောင်း၊ မူဝါဒများကို အောက်ခြေအဆင့်အထိ သိရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသ အလိုက် ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက် သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက် သွားမည်ဆိုပါက လုပ်ငန်းများအောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ဒေသလုံခြုံရေးနှင့် ပတ်သက်၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း၊ သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေး လုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်သွားရန် လိုကြောင်း၊ လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပ ပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်တွင်လည်း အရည်အချင်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း ဖြည့်စွက်မှာကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို စည်းကမ်း နှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်နှင့် ပုစွန်မွေးမြူ ခြင်းလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်၍ ရေထွက်ပစ္စည်း တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုး မှုနှင့် ပတ်သက်၍လည်း အထွက်နှုန်းများ တိုးတက် အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပသို့ ပညာတော်သင်သွားရောက်သည့် ကိစ္စများနှင့် ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနများအလိုက် ရည်မှန်း ချက်များကို အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများမှ အဓိကအချက်များကို ဦးစားပေးအနေဖြင့် အကောင် အထည်ဖော်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးရည်မှန်းပြီး လူဦးရေနှင့် အိမ်အကြောင်း အရာသန်းခေါင်စာရင်းကောက်ယူ ခြင်းနှင့် အခြား ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်တကျဖြင့် အောင်မြင်အောင် ကျင်းပနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက် ရှိကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးရည်မှန်းချက်ကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေး စီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရည်မှန်း ချက်တစ်ခုချင်းအလိုက် စနစ်တကျဖြင့်ဆောင်ရွက် သွားမည်ဆိုပါက လုပ်ငန်းတာဝန်များ အောင်မြင်နိုင် မည်ဖြစ်ကြောင်း၊ ရည်မှန်းချက်များကို တစ်ဆင့်ချင်း အောင်မြင်အောင် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုပြီး တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် မိမိတို့ထမ်းဆောင်ရသည့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် ကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင် မှုများနှင့်ပတ်သက်၍လည်း စည်းကမ်းစနစ်တကျ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

> ❖ ဝါနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အထည်လုပ်ငန်းများရှိကြပြီး ချည်နှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက် ပေးသွားကြရမည်
>
> ❖ ဝါနှင့်ပတ်သက်၍ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရန်လိုပြီး စိုက်ကေများမှ ထွက်ရှိလာသည့် ဝါဂွမ်း များမှ အဆင့်မီသည့်ချည်ထည်ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည် အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်၊ ဝါနှင့်ပတ်သက်၍ တစ်ခေတ်ဆန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို
>
> ❖ ရော်ဘာထုတ်ကုန်များကိုလည်း မိမိတို့ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ရမည် ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများကို အားပေး၍ ပြည်တွင်းလိုအပ်ချက်ပြည့်မီစေရေး ထုတ်လုပ် နိုင်ကြရန်လို

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၂၁**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြကာ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ သာသနိက အဆောက်အအုံများ၊ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ ကျောက်စာရုံစေတီတော်များနှင့် အဂ္ဂါမိပတိသာသနဒ္ဓဇ ဗိမာန်တော်ကြီးကို ကြည့်ရှုလေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြကာ ဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေးဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာ၍ အာဟာရဒါန ကျွေးမွေးကြသည်။

ထို့ပြင် နေပြည်တော် Junction Center နှင့် ဥတ္တရသီရိ Ocean Super Center တို့သို့ သွားရောက်ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း ကြည့်ရှုလေ့လာ ဖူးမြော်ကြည်ညိုကြစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေနှစ်သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှ စတင် ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကား လျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ ဘုရားဖူးပြည်သူအများအပြားနေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူပြည်သူနှစ်သန်းကျော် အနက်မှ ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅ နှစ်မှ ၂၀ နှစ်) စန္ဒရားအတီးပြိုင်ပွဲ (ရှောဝတီတိုင်းဒေသကြီး)မှ ပြိုင်ပွဲဝင် လာရောက်ခဲ့သော ရှောဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ မကေဇော်ရှင်းသန့်သည် ဦးရေနှစ်သန်းပြည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေနှစ်သန်း ပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် မကေဇော်ရှင်းသန့်နှင့် မိဘများအား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မကေဇော်ရှင်းသန့်နှင့် မိဘများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် အတွင်းရှိ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါမိပတိသာသနဒ္ဓဇဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်တို့ကို လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများ တည်ထားကိုးကွယ်မှု ဆိုင်ရာများနှင့် ဦးရေနှစ်သန်းမြောက်ဘုရားဖူးပြည်သူ ဖြစ်လာရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုနှင့်အညီ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေနှစ်သန်းမြောက် ဘုရားဖူးပြည်သူ မကေဇော်ရှင်းသန့်အား ဓမ္မလက်ဆောင်အဖြစ် ဉာဏ်တော်ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ဘောင်သွင်း ဓာတ်ပုံတစ်ပုံနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သမိုင်းကြောင်းစာအုပ်တို့ကိုပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆)တွင် ပါဝင်တက်ရောက်ကြမည့်အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီးသင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စာမျက်နှာ ၇ သို့ ○



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။



ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။







ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

○ စာမျက်နှာ ၆ မှ

သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်။

**ပထမ**

ကျွန်တော်ဟိုအရင် အပတ်စဉ်တွေကတည်းက ပါချင်နေခဲ့တာပါ။ ဒါပေမဲ့ ကိုယ်ကျတဲ့ အပတ်စဉ်(၆) မှာ ကျတော့လည်း အပတ်စဉ် (၆)မှာ ကျွန်တော် တက်တာပါဗျ။ မိဘတွေကတော့ ဂုဏ်ယူပါတယ်ဗျ။ ကျွန်တော် ဒီသင်တန်းကို ရောက်လာတာကတော့ အရင်က တစ်ယောက်တည်းပါ။ ဒီသင်တန်းမှာတော့ သူငယ်ချင်းပေါင်း အယောက် ၂၀၀ ကျော်လောက်ထိ ရခဲ့ပါတယ်။ အခု ကျွန်တော်တို့ ကျတဲ့တာဝန်ကို ထမ်းဆောင်သွားမှာပါ။ ကိုယ့်မိသားစုအတွက် မဟုတ်ပါဘူး။ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်သွားမှာပါ။

**ဒုတိယ**

ကျွန်တော် ပြည်သူ့စစ်မှုထမ်း လာရောက် တက်ရောက်ရတာ ပျော်လည်း ပျော်ပါတယ်ဗျ။ ကျွန်တော်ဒီထဲကို ရောက်တာကလည်း ကျွန်တော့်ရဲ့အပေါင်းအသင်းသူငယ်ချင်းတွေနဲ့လည်း တွေ့ရတဲ့အတွက် အလွန်ကို ဝမ်းသာပါတယ်ဗျ။ ဒီသင်တန်းက သင်ကြားပေးမယ့် စစ်ပညာရပ်တွေကို လေ့လာသင်ယူရာမှာလည်း ကျွန်တော် ဆုရအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သင်တန်းဆင်းသွားမယ့် အချိန်မှာလည်း ကျတဲ့နေရာမှာ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

သတင်းစဉ်

● မြန်မာအမျိုးသားမှ

အဆိုပါ ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်ကို တနင်္ဂနွေနေ့တွင် ရန်ကုန်မှ နံနက် ၆နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ပုသိမ်မှ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး ညောင်ဦးသို့ ၉ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ညောင်ဦးမှ ၉ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီးမန္တလေးသို့၁၀ နာရီတွင်လည်းကောင်း၊ တနင်္လာနေ့တွင် မန္တလေး - ညောင်ဦး- ပုသိမ် - ရန်ကုန် ခရီးစဉ်များကို မန္တလေးမှမွန်းလွဲ ၃နာရီတွင် ထွက်ခွာပြီးညောင်ဦးသို့ မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ ၅ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

ယင်းခရီးစဉ်အတွက် သတ်မှတ်ထားသောဈေးနှုန်းမှာ ရန်ကုန်မှ ပုသိမ်သို့ ငွေကျပ် ၁၆၀၀၀၀၊ ပုသိမ်မှ ညောင်ဦးသို့ ငွေကျပ် ၂၈၀၀၀၀၊ မန္တလေးမှ ညောင်ဦးသို့ ငွေကျပ် ၂၀၀၀၀၀၊ ရန်ကုန်မှ ညောင်ဦးသို့ ငွေကျပ် ၂၉၀၀၀၀ သတ်မှတ်ထားပြီး ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၂၅၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၁-၁၀-၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေး ဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ(၁၃-၁၀-၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၀-၁၀-၂၀၂၄)ရက်နေ့ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀၂၅၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၁၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

■



## ညောင်ဦးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူပြီးစီး

ညောင်ဦး အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ရာခိုင်နှုန်းပြည့် ကောက်ယူပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၇ ရက်အထိ သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းဖြစ်ပြီး ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ကောက်ကွက်ပေါင်း ၅၇၃ ကွက်ရှိကာ၊ ကောက်ကွက်အဖွဲ့ ၄၁ ဖွဲ့ဖြင့် နေ့စဉ်ကောက်ယူခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် ကောက်ကွက်အားလုံး ရာခိုင်နှုန်းပြည့် ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက စနစ်တကျ ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကမ္ဘာ့အချမ်းသာဆုံးသူဌေး အီလွန်မတ်စ် ထရမ့် အနိုင်ရရေးအတွက် တိုးမြှင့်မဲဆွယ်

**ဝါရှင်တန် အောက်တိုဘာ ၂၁**

ကမ္ဘာ့အချမ်းသာဆုံးသူဌေး စာရင်းဝင် အီလွန်မတ်စ်သည် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ရီပတ်ဘလီကန် ကိုယ်စားပြု သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် အနိုင်ရရေးအတွက် တိုးမြှင့်မဲဆွယ်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ရီပတ်ဘလီကန်ပါတီ၏ နောက်ဆုံးအားသွန်စုဝေးပွဲများသို့ တက်ရောက်လာသူများအနက်မှ မှတ်ပုံတင်ပြီးသော မဲဆန္ဒရှင်များ အနက်မှ တစ်ဦးကို ဒေါ်လာ ၁ သန်းတန် ချက်လက်မှတ် ကံစမ်းမဲဖောက်ပေးသွားရန် စီစဉ်ထားကြောင်း ၄င်းကိုယ်တိုင် ထုတ်ဖော်ပြောကြားသည်။

နိုဝင်ဘာ ၅ ရက်မတိုင်ခင်အထိ တစ်ရက်လျှင် ဒေါ်လာ ၁ သန်းချက်လက်မှတ် ကံစမ်းမဲဖောက်ပေးသွားမည်ဆိုသဖြင့် ရီပတ်ဘလီကန်မဲဆန္ဒရှင်များ အထူးစိတ်လှုပ်ရှားနေကြသည်။

အီလွန်မတ်စ်က မဲဆန္ဒရှင်များကို ငွေပေးပြီး မဲဆွယ်စည်းရုံးခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲဥပဒေကို ချိုးဖောက်ရာ ရောက်နေကြောင်း ရွေးကောက်ပွဲဥပဒေကျွမ်းကျင်သူ ရစ်ခ်ဟာဆင်က ရှင်းလင်းပြောကြားသည်။

ပင်ဆယ်လ်ဗေးနီးယားပြည်နယ်အတွင်း မကြာသေးမီက ဒေါ်နယ်ထရမ့်အတွက် မဲဆွယ်စည်းရုံးရာတွင်လည်း အီလွန်မတ်စ်က မဲပေးရန် မှတ်ပုံတင်လက်မှတ်ရေးထိုးသူတစ်ဦးလျှင် ဒေါ်လာ ၁၀၀ အထိ ပေးခဲ့ကြောင်း သိရသည်။ **Mon**



## ဟစ်ဇဘိုလာတို့ကို တိုက်ခိုက်နေခြင်းဖြစ်သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး ယို့ဗ်ဂါးလန့် ပြောကြား

**ဂျေရုဆလင် အောက်တိုဘာ ၂၁**

မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇဘိုလာပြောက်ကျားတို့ကို တိုက်ခိုက်နေခြင်းဖြစ်သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး ယို့ဗ်ဂါးလန့် အောက်တိုဘာ ၂၀ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့များက ဘေရွတ်မြို့တော် တောင်ပိုင်း ဆင်ခြေဖုံး ဒါနီယဲရပ်ကွက်ထဲသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်ဟု လက်ဘနွန်အခြေစိုက် အင်န်အင်န်အေသတင်းဌာနက ဖော်ပြပြီးနောက် ယို့ဗ်ဂါးလန့်က ထိုသို့ တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ္စရေးက ဟစ်ဇဘိုလာပိုင်ဘဏ်ကို ပစ်မှတ်ထားတိုက်ခိုက်မည်ဖြစ်ရာ အနီးပတ်ဝန်းကျင်မှ အရပ်သားများ ဘေးလွတ်ရာ ရွှေ့ပြောင်းကြရန် ကြိုတင်သတိပေးထားကြောင်း သိရသည်။

**Mon**




## အီဂျစ်နိုင်ငံတွင် ငှက်ဖျားရောဂါ ကင်းစင်သွားပြီဟု ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြု

**ဝါရှင်တန် အောက်တိုဘာ ၂၁**

အီဂျစ်နိုင်ငံတွင် ငှက်ဖျားရောဂါ ကင်းစင်သွားပြီဟု ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အောက်တိုဘာ ၂၀ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နှစ်ပေါင်း ၁၀၀ နီးပါး ကူးစက်ခံခဲ့ရသည့် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်သွားအောင် အီဂျစ်အစိုးရနှင့် ပြည်သူလူထုပူးပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့သည့် အကျိုးရလဒ်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မှတ်ချက်ချခဲ့သည်။

ယခင်က တစ်နှစ်လျှင် ငှက်ဖျားရောဂါကြောင့် လူပေါင်း ၆၀၀၀၀၀ ဦးထက်မနည်း သေဆုံးခဲ့သော အီဂျစ်နိုင်ငံ၌ သုံးနှစ်ဆက်တိုက် ငှက်ဖျားရောဂါ ဖြစ်ပွားသူ လုံးဝမရှိတော့သဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ငှက်ဖျားရောဂါကင်းစင်သော နိုင်ငံ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

အီဂျစ်နိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးတွင် ငှက်ဖျားရောဂါ ကင်းစင်သောနိုင်ငံပေါင်း ၄၄ နိုင်ငံရှိနေပြီဖြစ်ကြောင်း သိရသည်။

**Mon**



အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို အောက်တိုဘာ ၂၀ ရက်က မိတ်ဆက်ပေးနေစဉ်။ **Mon**





## ကျူးဘားနိုင်ငံ အရှေ့ပိုင်းဒေသအတွင်းသို့ အော်စကာမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ဟာဗားနား အောက်တိုဘာ ၂၁**

ကျူးဘားနိုင်ငံ အရှေ့ပိုင်းဒေသအတွင်းသို့ အောက်တိုဘာ ၂၀ ရက်က အော်စကာဟု အမည်ရသော ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၈၀ ဖြင့် တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မြေပြိုမှုများလည်း ဖြစ်ပွားခဲ့သည်။

ဒေသအချို့တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိခဲ့ပြီး နောက်တစ်ရက်တွင် ထိုမုန်တိုင်း တိုက်ခတ်သဖြင့် ဓာတ်အား ပြန်လည်ပြတ်တောက်ခဲ့ကြောင်း သိရသည်။ **Mon**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရေကြီးမှုကြောင့် ဆန်တန်ချိန် ၁ ဒသမ ၁ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ရ

**ဒက္ကာ အောက်တိုဘာ ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သော ဩဂုတ်နှင့် အောက်တိုဘာနှစ်လက ဖြစ်ပွားခဲ့သည့် မိုးသည်းထန်ရေကြီးမှုကြောင့် ဆန်တန်ချိန် ၁ ဒသမ ၁ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါရေကြီးမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် လူ ၇၅ ဦး သေဆုံးကာ လူဦးရေ သန်းနှင့်ချီ၍ ရေဘေးသင့်ခဲ့ရသည့်အပြင် ဆန်တန်ချိန် သန်းနှင့်ချီ၍လည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ကြားဖြတ်အစိုးရပြောခွင့်ရသူက ဆိုသည်။

ဆန်တန်ချိန်ပေါင်း ၅ သိန်းကို ရေဘေးလွတ်ရာသို့ အမြန်ရွှေ့ပြောင်းပေးနိုင်ခဲ့ရာ ထိုဆန်များကို ပုဂ္ဂလိကဆန်ကုန်သည်များ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် မကြာမီ ခွင့်ပြုပေးသွားမည်ဟု ဆိုသည်။

ရေကြီးမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အခြားသီးနှံနှင့် ဟင်းသီးဟင်းရွက်တန်ချိန် ၂၀၀၀၀၀ ကျော်လည်း အလားတူ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **Mon**



## ဆစ်ခ်အရေးလှုပ်ရှားသူ သတ်ဖြတ်ခံရခြင်းကိစ္စ အိန္ဒိယသံတမန် ဆန်ဂျေးကူးမားဗာမား ငြင်းဆန်

**ဒေလီ အောက်တိုဘာ ၂၁**

ကနေဒါနိုင်ငံသား ဆစ်ခ်အရေးလှုပ်ရှားသူ ဟာဒိပ်ဆင်းနစ်ဂျာ ၂၀၂၃ ခုနှစ်က သတ်ဖြတ်ခံရခြင်းကိစ္စ မိမိ လုံးဝပါဝင်ပတ်သက်ခြင်းမရှိဟု အိန္ဒိယသံတမန် ဆန်ဂျေးကူးမားဗာမား အောက်တိုဘာ ၂၀ ရက်က ငြင်းဆန်ပြောကြားလိုက်ကြောင်း စီတီဗွီ သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယအစိုးရထောက်လှမ်းရေးအရာရှိများ ကနေဒါနိုင်ငံအထိ လာရောက်ကာ အဆိုပါ ဆစ်ခ်အရေးလှုပ်ရှားသူကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် သဲလွန်စအထောက်အထားများကို မိမိတို့ဖက်က တွေ့ရှိခဲ့ပြီးဖြစ်သည်ဟု ကနေဒါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ပြီးရက်အနည်းငယ်အတွင်း သံတမန် ဆန်ဂျေးကူးမားဗာမားက ထိုသို့ ငြင်းဆန်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါလုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သည်ဟုဆိုကာ ကနေဒါအစိုးရ မကြာသေးမီက ပြည်နှင်ဒဏ်ပေးလိုက်သော အိန္ဒိယသံတမန်ဝန်ထမ်း ၆ ဦးထဲတွင် မဟာမင်းကြီးအဆင့်ရှိသူ ဆန်ဂျေးကူးမားဗာမား ပါဝင်သည်။

ကနေဒါအခြေစိုက် စီတီဗွီ သတင်းဌာနက ၄င်းကို ဆက်သွယ်မေးမြန်းစဉ် ၄င်းတို့ သံတမန်များ ပါဝင်ပတ်သက်ခြင်းမရှိဟု အတိအလင်းငြင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်

**Mon**



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**သရက် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်း သုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## ဆန်၊ ဆီနှင့် ဆေးဝါးများ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်

**ကံမ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ ကံမမြို့၌ စည်ပင်သာယာမြို့မဈေးအတွင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဆန်ဆိုင်များ ကုန်စုံဆိုင်များနှင့် အိမ်သုံးဆေးဝါးဆိုင်များတွင် ဆန်၊ ဆီနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးအား ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးရာ၌ ဆန်အရောင်းဆိုင်များတွင် သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ရောင်းချမှု ရှိ၊ မရှိ၊ ကုန်စုံဆိုင်များတွင် ပုဇွန်(၂)ကောင်အမှတ်တံဆိပ်စားအုန်းဆီများ၊ အဖွားလက်ရာ အမှတ်တံဆိပ်ပါ အသားဟင်း၊ ငါးဟင်း စည်သွပ်ဘူးများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း၊ ပစ္စည်းပြတ်လပ်မှု ရှိ၊ မရှိ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီရောင်းချပေးနေသည့် ဆိုင်များအား အဆိုပါ စားသုံးဆီများ၏ အရည်အသွေးနှင့် ရောင်းချသည့် ဈေးနှုန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – *

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ







**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် လက်ဝတ်ရတနာပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မြိုင်ကလေးသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးကိုလည်းကောင်း၊ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Daihatsu Hijet တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အောက်တိုဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၂၄၉ တန်၊ သစ်မာ ၄ ဒသမ ၆၆၀ တန်၊ အခြားသစ် ၃ ဒသမ ၅၁၁ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

အောက်တိုဘာ ၁၅ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှုကို သိမ်းဆည်းရမိခဲ့သည်။ သိမ်းဆည်းရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရ၍ သုံးစွဲသူပြည်သူများအတွက် ဘေးအန္တရာယ် ထိခိုက်နစ်နာမှုများဖြစ်စေနိုင်ခြင်းနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ပြင်ဦးလွင်မြို့နယ်တွင် ဆေးခြောက်များ ဖမ်းဆီးရမိ

**ပြင်ဦးလွင် အောက်တိုဘာ ၂၁**

အမှတ်(၁၆) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်အေးကိုနှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက် ညနေ ၉ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ လေးမျက်နှာဘုရားဘေး၊ လမ်းသွယ် ၃ ရှိ အာပူလျှာပူဆိုင်တွင် ရောက်ရှိနေသူ မင်းသုတ၊ ပြည့်စုံဦး၊ ဝေယျာထွန်းတို့အား စစ်ဆေးရာ ပြည့်စုံဦး ဝတ်ဆင်ထားသည့် ဘောင်းဘီတိုအိတ်ကပ်အတွင်းမှ ဆေးခြောက်ဟုယူဆရသော အရွက်၊ အဖူးရောရာ အလေးချိန် ၅ ဂရမ်ပါ ၁ ထုပ်၊ ဝေယျာထွန်းဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ ဆေးခြောက်ဟုယူဆရသော အရွက်၊ အဖူးရောရာ အလေးချိန် ၃ ဂရမ်ပါ ၁ ထုပ်တို့အား တွေ့ရှိဖမ်းဆီးရမိခဲ့ကြသည်။ ထို့အပြင် မူးယစ်တပ်ဖွဲ့ဝင်များသည် မင်းသုတ၊ ပြည့်စုံဦး၊ ဝေယျာထွန်းတို့၏ ထွက်ဆိုချက်ဖြင့် အသိသက်သေများနှင့်အတူ ပြည့်စုံဦး၊ ဝေယျာထွန်းတို့ ငှားရမ်းနေထိုင်သည့် ရပ်ကွက်ကြီး ၁၀၊ လေးမျက်နှာဘုရားဘေး၊ CC လမ်းသွယ် ၃ ရှိ နေအိမ်အား သွားရောက်ရှာဖွေရာမှ အခန်းအတွင်း ဖေယျာအားတွေ့ရပြီး ပြည့်စုံဦးအိပ်သည့် အိပ်ခန်းအိပ်ရာဘေးရှိ ကော်ပုံးအတွင်း ကပ်ခွာအိတ်များဖြင့်ထည့်လျက် ဆေးခြောက်ဟုယူဆရသော အရွက်၊ အဖူးရောရာအလေးချိန် ၁၅၀ ဂရမ်ပါ ၁ ထုပ်၊ ၂၀၀ ဂရမ်ပါ ၁ ထုပ်၊ ၅၀ ဂရမ်ပါ ၁ ထုပ်၊ စုစုပေါင်း ၄၀၀ ဂရမ်အား သိမ်းဆည်းရမိသည်။ အလားတူ ဝေယျာထွန်းအိပ်သည့်အိပ်ခန်းအတွင်းမှ အဖြူရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် ဆေးခြောက်ဟုယူဆရသော အရွက်၊ အဖူးရောရာ အလေးချိန် ၃၀၀ ဂရမ်စီပါ ၄ ထုပ်၊ ၂၀၀ ဂရမ်ပါ ၁ ထုပ်၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင်အသုံးပြုသည့် ဒစ်ဂျစ်တယ်ချိန်ခွင် ၁ ခု၊ ကပ်ခွာအိတ်များဖြင့်ထည့်လျက် ဆေးခြောက်ဟုယူဆရသော အရွက်၊ အဖူးရောရာ အလေး ချိန် ၃၀ ဂရမ်ပါ ၈ ထုပ်၊ ဖေယျာအိပ်သည့်အခန်းအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့်ထည့်လျက် ဆေးခြောက်ဟုယူဆရသော အရွက်အဖူးရောရာ အလေးချိန် ၃၀၀ ဂရမ်ပါ ၂ ထုပ်၊ ၁၀၀ ဂရမ် ပါ ၁ ထုပ်၊ စုစုပေါင်းအလေးချိန် ၃၃၄၀ ဂရမ်အား ထပ်မံတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြသည်။ ဆက်လက်၍ မူးယစ်တပ်ဖွဲ့ဝင်များသည် မင်းသုတ နေထိုင်သည့် ရပ်ကွက်ကြီး (၁)(၁၄) ထုံးဘို၊ အာဇာနည်လမ်းသွယ်(၁)ရှိ နေအိမ်အား အသိသက်သေများဖြင့် သွားရောက်ရှာဖွေရာမှ အိပ်ရာဘေး၌ လက်ဆွဲအိတ်အတွင်း ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော ဆေးခြောက်ဟုယူဆရသည့် အရွက်၊ အဖူးရောရာ အလေးချိန် ၃၀၀ ဂရမ်ပါ ၁ ထုပ်၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ဒစ်ဂျစ်တယ်ချိန်ခွင် ၁ ခုအား ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဆေးခြောက်များအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူပြည့်စုံဦး(၂၄)နှစ် ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဝေယျာထွန်း(၂၄)နှစ် ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊ ဖေယျာ (၂၆)နှစ်(ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ မင်းသုတ (၂၄)နှစ်(ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့)နေသူများနှင့် ဆေးခြောက်ရောင်းချပေးသူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး အမှုကွင်းဆက်များစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဝ၅၇)**

* – * – * – * – *

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရှိ ဆက်နွယ်ဌာနများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးပညာရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ဖြစ်ပွားနေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါများ ကူးစက်ပျံ့ပွားမှုမရှိစေရေး ကာကွယ်ထိန်းချုပ်နိုင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားနိုင်ရန် ယခုအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ထန်းဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီအားဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ဖြစ်ပွားမှု အခြေအနေများနှင့် ပတ်သက်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏ အချက်အလက်များအရ ခရိုင် ၁၁ ခရိုင်အနက် ခရိုင် ၁၀ ခုတွင် ဖြစ်ပွားနေပြီး အဖြစ်အများဆုံးမှာ မဟာအောင်မြေခရိုင်နှင့် ဒုတိယအဖြစ်အများဆုံးမှာ အောင်မြေသာစံခရိုင်တို့ဖြစ်ပါကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကူးစက်မှုမြန်ဆန်ပြီး ရောဂါပိုးရှိသော မသန့်ရှင်းသော သောက်သုံးရေ၊ အစားအစာ၊ လက်၊ အိမ်သာမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုကျန်းမာရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်အောင်မြင်အောင် အသိပညာပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ထိရောက်သည့် အရေးယူဆောင်ရွက်ခြင်းများကို နီးနွယ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဌာနတစ်ခုတည်းဖြင့်သာမက နီးနွယ်ဌာနပေါင်းစုံတို့မှ အလေးထားပါဝင်ဆောင်ရွက်ရမည့်အပြင် ပြည်သူများ၏ လိုက်နာပူးပေါင်းဆောင်ရွက်မှု များစွာလိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့်အဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှု အခြေအနေများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြည်သူ့ဆေးရုံများ၊ ဈေးများ၊ ကျောင်းများ၊ ဘုန်းကြီးကျောင်းများအပါအဝင် လူအများအပြား စုဝေးရာနေရာများတွင် ရောဂါကူးစက်ပျံ့နှံ့မှုများ မရှိစေရေး ကာကွယ်ထိန်းချုပ်ရန် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၀-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၀-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



## လေဖိအားနည်းဆဲလ် ပိုမိုအားကောင်းလာ

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့နံနက် ၅နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အနောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ နောက် ခြောက်နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့်အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့နံနက်မှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင်မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

စာမျက်နှာ ၂၄ မှ

အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိသပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် ဩရိသပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မန္တလေးနန်းမြို့အတွင်းရှိ ရှေးဟောင်းအမွေအနှစ်များကို ရှေးမူမပျက်ထိန်းသိမ်းမှုများ ဆောင်ရွက်နေ

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေး၊ ရတနာပုံခေတ် နန်းမြို့အတွင်းရှိ ရှေးဟောင်း အမွေအနှစ်များကို ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ လုပ်ငန်းလေးခုကို ဆောင်ရွက် လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း ယင်းဌာန တာဝန်ရှိသူက ပြောသည်။

"ရွှေနန်းတော်နဲ့ ပတ်သက် ပြီး လိုအပ်တဲ့နေရာတွေမှာ နှစ် စဉ် ဆေးသုတ်တာ၊ ယိုယွင်းနေ တာတွေကို ရှေးမူမပျက်ပြင်ဆင် ခြင်းတွေကို ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုငွေနဲ့ လုပ်ဆောင်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှု အမွေ အနှစ်တွေ အရှည်တည်တံ့ ခိုင်မြဲဖို့အတွက် ဌာနမှဝန်ထမ်း များက ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ဆောင်ရွက်နေသည့် လုပ်ငန်း များမှာ နန်းတွင်းကျောက်စာရုံ အမှတ်(၁)တွင် အမိုးများပြန်လည် မိုးကာခြင်း၊ နန်းဆောင်များ ဆေး သုတ်ခြင်း၊ မြနန်းစံကျော်ရွှေနန်း တော် မြေနန်းပြာသာဒ်ဆောင်ရှိ တိုင်လုံးများတွင် မြန်မာမှုလက် ရာ ယွန်းကြိုးထိုးခြင်းနှင့် မြေနန်း ပြာသာဒ်နှင့် လက်ဝဲ၊ လက်ယာ ပွဲတက်ဆောင်များမှ ကြမ်းခင်း များကို ကွန်ကရစ်အစား သစ်သား လျှာထိုးကြမ်းခင်းခြင်း၊ မြောက် ထားဝယ်ဆောင်မှ ကြမ်းခင်းများ ပြုပြင်ခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

"နန်းမြင့်မျှော်စင်က အတက်၊ အဆင်းလှေကားထစ်တွေ ပြင်ဆင် ထိန်းသိမ်းတာနဲ့ ရာသီဥတုဒဏ်ခံ နိုင်အောင် ဆေးသုတ်တာတွေ ဆောင်ရွက်တာ ပြီးသလောက် ဖြစ် သွားပြီ။ နန်းတော်ကို လာရောက် လေ့လာသူအများစုက နန်းမြင့် မျှော်စင်ပေါ် တက်ကြသူများ တယ်။မျှော်စင်ပေါ်ကနေ နန်း တော်တစ်ခုလုံးနဲ့ အဝေးရှုခင်းတွေ ကြည့်ကြတယ်" ဟု ၎င်းက ဆက် လက် ပြောကြားသည်။



နန်းမြင့်မျှော်စင်သည် ရှေး ခေတ်ဥရောပလက်ရာနှင့် မြန်မာ မှု လက်ရာများပေါင်းစပ် တည် ဆောက်ထားပြီး အတက်၊အဆင်း လှေကားထစ်ပေါင်း ၁၂၁ ခုရှိ ရာ ယိုယွင်းနေသော လှေကား ထစ်များကိုလည်း ပြင်ဆင် ဆောင်ရွက်ထားကြောင်း၊ မြန်မာ မှုလက်ရာယွန်းကြိုးထိုးခြင်း လုပ်ငန်းမှာ ယခုဘဏ္ဍာနှစ်တွင် အပြီး ဆောင်ရွက်ရန် လျာထား ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



## (၂၃)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာအခမ်းအနား ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဖောင်ဇင်းကျေးရွာ ရှိ ဆရာတော် ဘဒ္ဒန္တဝံသပါလ ဦးဆောင်၍ အဘိဓမ္မာအခါတော် နေ့ ဓမ္မပူဇာပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက (၂၃)ကြိမ်မြောက် အဖြစ် ဖောင်ဇင်းကျေးရွာရှိ တော ရကျောင်း ဓမ္မဗိမ္မာန်တွင် ကျင်းပ သည်။

အဆိုပါ အခမ်းအနားသို့ ကျေးရွာပေါင်း ရှစ်ရွာမှ ဝတ်ရွတ် အသင်းများက အလှည့်ကျ ပူဇော် ကြသည်။ အဆိုပါရွာများမှ မဲ ဇာကျေးရွာ၊ လင်းဇင်းကျေးရွာ၊ ကန်ဆွယ်ကျေးရွာ၊ ဖောင်ဇင်း ကျေးရွာ၊ လက်ဝဲကျေးရွာ၊ ကုန်းနီ ကျေးရွာ၊ သင်ဂတုံကျေးရွာ၊ မြို့ သစ်ကျေးရွာတို့မှ ရွာခံပရိသတ် ၁၂၂ ဦးလည်း တက်ရောက်ပူဇော် ကြသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့ တောင်စလင်းတိုက် သစ်ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိ ဓဇမဟာရဋ္ဌဂုရု၏ နယ်စပ် တောင်တန်းဒေသဆရာတော် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်ကြီးအနေဖြင့် ဆရာ တော်၏ သားတပည့်များဖြစ်သည့် အဘိဓမ္မာအခါတော်နေ့ပွဲဖြစ် မြောက်ရေးအဖွဲ့သို့ ဆရာတော် ကိုယ်စား အသင်းဥက္ကဋ္ဌ ဦးလှဝင်း က ငွေကျပ်တစ်သိန်းကို နဝကမ္မ အလှူတော်ငွေအဖြစ် ပေးအပ် လှူဒါန်းခဲ့ကြောင်း ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရ သည်။ **(အပေါ်ပုံ)(ကဆ)**

## ချို့တဲ့အိမ်ထောင်စုများနှင့် အသက်(၈၀)နှစ်နှင့်အထက် ဘိုးဘွားများအား (၂၆)ကြိမ်မြောက် ထောက်ပံ့လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ ချို့တဲ့အိမ်ထောင် စုများနှင့် အသက်(၈၀)နှစ်နှင့် အထက် ဘိုးဘွားများအား(၂၆)ကြိမ် မြောက်အဖြစ် အခြေခံစားသောက် ကုန်များနှင့်အလှူငွေများ ထောက်ပံ့ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီ က ကျင်းပသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ရပ် ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင် စု (၃၆)စုအား အိမ်ထောင်စုတစ် စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀လုံး၊ အိုင် အိုဒင်းဆားတစ်ထုပ်၊ ခေါင်းလျှော် ရည်၊ လက်ဆွဲခြင်းတစ်ခြင်း၊ဆပ်ပြာ ခဲတစ်ခဲစီနှင့် အသက်(၈၀)နှစ်နှင့် အထက် အဘိုး၊ အဘွား ၁၃ ဦး အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကို မဟာအောင်မြေခရိုင် စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာ လှကြွယ်၊မဟာအောင်မြေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်း ဦးတို့က ထောက်ပံ့လှူဒါန်းကြ ကြောင်း သိရသည်။

**(အောက်ဝဲပုံ)(ဝ၄ဝ)**



## ပိဿနိုးဘုရင်မဝတ်စုံဖြင့် ပရိသတ်များ၏ အားပေးမှုကို ရရှိနေသည့် Miss Grand Myanmar သဲစုငြိမ်း

**ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကျင်းပနေ**

Miss Grand International 2024 ပွဲကြီးမှာ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်တစ်ဦးအနေဖြင့် သဲစုငြိမ်းက ဝင်ရောက်ယှဉ်ပြိုင်နေပြီး အဝတ်အစား ဖက်ရှင်နှင့် အသက်ငယ်သော်လည်း သွက်လက်ပြီး ကြိုးစားသည်ဟု မှတ်ချက်များဖြင့် မြန်မာပရိသတ် တွေကြားမှာတင်မကပဲ နိုင်ငံတကာပရိသတ်များ၏ အားပေးဝန်းရံမှုကို ရရှိထားသည်။

အောက်တိုဘာ ၂၀ ရက်မှာ ကျင်းပခဲ့သည့် Miss Grand International ပွဲ၏ National Costume ပြိုင်ပွဲမှာ ပိဿနိုး ဘုရင်မဝတ်စုံဖြင့် ပြိုင်ပွဲ ဝင်ခဲ့ပြီး ဝတ်စုံအပြင်အဆင်၏ ခမ်းနားမှုနှင့် သဲစု ငြိမ်း၏ သရုပ်ပြပီပြင်မှုကြောင့် ပရိသတ်များ၏ အားပေးဝန်းရံမှုအများအပြားကို ရရှိခဲ့ပြီး ချီးကျူး စကားများစွာ ရရှိခဲ့သည်။

အလှမယ်သဲစုငြိမ်းသည် မြန်မာပြည်တွင်း ပြိုင်ပွဲဖြစ်သည့် Miss Grand Myanmar ပြိုင်ပွဲ စတင်ပြိုင်ပွဲဝင်စဉ်က အသက် ၁၇ နှစ်သာ ရှိသေး သော်လည်း သူမ၏ သွက်လက်ပြီး ချက်ကျလက်ကျ ပြောဆိုတတ်သောအပြုအမူနှင့် ဘာသာစကား ကျွမ်းကျင်မှုတို့ကြောင့် ပရိသတ်များ၏ စိတ် ဝင်စားမှုကို ခံခဲ့ရပြီး Miss Grand Myanmar 2024 ဆုကို ရရှိခဲ့ခြင်း ဖြစ်သည်။

သူမ၏ သေးသွယ်သော ခန္ဓာကိုယ်အချိုး အစားကြောင့် ဝေဖန်မှုများရှိခဲ့သော်လည်း ဆုရရှိ ပြီးနောက်ပိုင်းမှာလည်း နိုင်ငံတကာအလှမယ်စံချိန်မီ အချိုးအစားဖြစ်စေဖို့ရန် လေ့ကျင့်ခန်းနှင့် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့တာကြောင့် ပရိသတ် တွေရဲ့ ချီးကျူးအားပေးမှုကို ရရှိခဲ့သည်။

Miss Grand International 2024 Final ပွဲကြီးကိုလည်း အောက်တိုဘာ ၂၅ ရက်၊ ထိုင်း နိုင်ငံ ဘန်ကောက်မြို့မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ပြီး သွားရောက်အားပေးလိုသူများအနေဖြင့် Miss Grand International ရဲ့ website မှာ လက် မှတ်ဝယ်ယူ အားပေးနိုင်ပြီး Online ကနေ ကြည့်ရှု အားပေးလိုပါက Grand TV(You Tube Channel) မှာ သွားရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ရွှက်နုဝေ**



## ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအား စားနပ်ရိက္ခာများ သွားရောက်လှူဒါန်း

**ပုဗ္ဗသီရိ အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေ၊ ပုဗ္ဗ သီရိမြို့နယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာအုပ်စုများရှိ ပြည်သူများ အား WFP (ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်)နှင့် UNICEF (ကုလ သမဂ္ဂအပြည်ပြည်ဆိုင်ရာကလေး များရန်ပုံငွေအဖွဲ့)မှ ရိက္ခာများ သွားရောက်လှူဒါန်းလျက် ရှိသည်။

အဆိုပါ WFP (ကမ္ဘာ့စား နပ်ရိက္ခာအစီအစဉ်)မှ ထောက်ပံ့ သော ဆန် လူတစ်ဦးလျှင် ၇ ပြည် ၄ ဘူး၊ အာဟာရဖြည့်ဘီစကစ် ၁၅ ထုပ်၊ ကိုယ်ဝန်ဆောင် (သို့မဟုတ်) နို့တိုက်မိခင်တစ်ဦး လျှင် ဖြည့်စွက်အာဟာရမှုန့် ၁ ဒသမ ၅ ကီလို ဂရမ်ပါ ၂ ထုပ်၊ ၆ လမှ ၉ လ အရွယ်ကလေး ငယ်တစ်ဦးလျှင် ဖြည့်စွက်အာဟာ ရမှုန့် (နို့ပါဝင် သော) ၁ ဒသမ ၅ ကီလိုဂရမ်ပါ ၂ ထုပ်နှင့် UNICEF(ကုလသမဂ္ဂ အပြည်ပြည် ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့)မှ ထောက်ပံ့သော လူတစ်ဦးလျှင် ဆပ်ပြာတစ်ခဲစီတို့အား WFP (ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်)မှ တာဝန်ရှိသူများက အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းတွင် ပုဗ္ဗ သီရိမြို့နယ်၊ ကျည်တောင်ကန် ကျေးရွာအုပ်စု၊ အောင်ပန်းကျေး ရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၀၆ စုနှင့် ဘဲကုန်းကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စု ၂၂၅ စု၊ ဆင်တဲကြီးကျေးရွာရှိ ရေဘေးသင့် ပြည်သူ ၁၀၅၅ ဦးသို့ ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ကျေးရွာများသို့လည်း ဆက်လက်ထောက်ပံ့လှူဒါန်း လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



# တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ စတင်၍ ၇ ရက်ကြာ ကျင်းပမည်




**တောင်ကြီး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အဝေးရာ မီးပုံးပျံကွင်းတွင် တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်မှစတင်၍ ၁၅ ရက်အထိ ၇ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး၊ ရိုးရာမီးပုံးပျံပညာရှင်များအသင်းမှ သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ သုံးနှစ်ကြာ ရပ်နားခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်၌ ပြန်လည်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၇၂ ကြိမ်မြောက်ရှိပြီဟု ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တန်ဆောင်တိုင် မီးပုံးပျံပွဲတော်က ရိုးရာပွဲတော်တစ်ခု ဖြစ်ပါတယ်။ မီးပုံးပျံတွေ လွှတ်တင်မှုကို ပြိုင်ပွဲကျင်းပပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုပေးသွားမယ်။ ဒီပွဲတော်က ကမ္ဘာလှည့်ခရီးသွားတွေနဲ့ ပြည်တွင်းခရီးသွားတွေ စိတ်ဝင်စားနှစ်သက်ကြလို့ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အကူဖြစ်စေပါတယ်" ဟု ၎င်းက ပြောသည်။

တန်ဆောင်တိုင် မီးပုံးပျံပွဲ ကျင်းပခြင်းဖြင့် ခရီးသွားကဏ္ဍ မြင့်တင်ခြင်းနှင့် ဒေသထွက်အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းချနိုင်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး ဘုရားရှင်အား မီးထွန်းညှိပူဇော်ခြင်းလည်း ဖြစ်ကြောင်း၊ ပွဲတော်သို့ ပြည်ပခရီးသွားဧည့်သည်များသာမက အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားများ လာရောက်ကြသဖြင့် စည်ကားသည့်ပွဲတော် ဖြစ်သည်။

"ပြိုင်ပွဲဝင်ဖို့ သုံးလလောက်ကတည်းက ကြိုတင်ပြင်ဆင်ကြရတယ်။ ပြိုင်ပွဲမှာ စိန်နားပန် မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံ၊ နေ့လွှတ်အရုပ်မီးပုံးပျံ ရိုးရာမီးပုံးပျံဆိုပြီး အမျိုးအစားတွေရှိတယ်။မနှစ်ကတော့ Online Volting စနစ်နဲ့ အမှတ်ပေးရွေးချယ်ခဲ့တယ်။ ပြည်တွင်းခရီးသွားလုပ်ငန်းတွေကလည်း ခရီးစဉ်ရေးဆွဲပြီး ကြော်ငြာနေကြပြီ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ကို ၂၀၂၃ ခုနှစ်က နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး နေ့လွှတ်မီးပုံးပျံ ၆၃ ခုနှင့် ညလွှတ်မီးပုံးပျံ ၆၃ ခု တို့ကို သတ်မှတ်ရက်အတွင်း လွှတ်တင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ယခုနှစ်တွင်လည်း ပြိုင်ပွဲဝင်အဖွဲ့များအနေဖြင့် ရိုးရာမီးပုံးပျံပညာရှင်များအသင်းနှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



# သင်တောင်းမြောင်းပေါင်လမ်းအား ပြန်လည်ပြုပြင်ဆောင်ရွက်

**ကျောက်ဆည် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်နေတောင်သူများ စိုက်ပျိုးရေးကဏ္ဍအောင်မြင်ဖြစ်ထွန်းရေးနှင့် ဒေသထွက်ကုန်ပစ္စည်းများသယ်ယူရာတွင် လွယ်ကူစွာသယ်ယူနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေပေးဝေလျက် မြောင်းများနှင့် မြောင်းပေါင်များအား ပြန်လည်ပြုပြင်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒေသခံပြည်သူများ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ကဏ္ဍမျိုးစုံ အသုံးပြုနိုင်ရေး သင်တောင်းလက်တံမြောင်းပေါင်လမ်းအား ပြန်လည်ပြုပြင်ပေးခဲ့သည်။

အဆိုပါ သင်တောင်းလက်တံမြောင်းသည် ထန်းဇင်တော်ကျေးရွာနှင့် အရှေ့ငယ်တိုးကျေးရွာအုပ်စု ဒေသခံပြည်သူများအဓိကဖြတ်သန်းသွားလာနေသော မြောင်းပေါင်မြေသားလမ်း တစ်လမ်းဖြစ်ကြောင်း၊ လမ်းသည် နှစ်ကာလကြာမြင့်ပြီး အသွားအလာများသောကြောင့် ချိုင့်ခွက်များဖြစ်ပေါ်လျက်ရှိပြီး သွားလာရန်ခက်ခဲနေသောကြောင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ၁၅၇ဒသမ ၅၀၀ ကျပ်သန်းအကုန်အကျခံပြီး အလျားပေ ၁၆၀၀၀ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မ ဂျင်းကျောက်လမ်းပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်သည်။

သင်တောင်းလက်တံမြောင်းပေါင် ပြန်လည်ပြုပြင်ပေးခြင်းကြောင့် အဆိုပါ မြောင်းဘောင်လမ်းအား အဓိကအသုံးပြုနေသည့် ထန်းဇင်တော်ကျေးရွာနှင့် အရှေ့ငယ်တိုးကျေးရွာမှ ပြည်သူများနှင့် အခြားဒေသမှ ပြည်သူများ၏ ဒေသထွက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် ရာသီမရွေးလွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

# မုံရွာမြို့၊ ပြည်ထောင်စုဈေးတွင် ကုန်ဈေးပွဲရုံ တည်ဆောက်လျက်ရှိ

**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးကြီးတွင် ကုန်ဈေးပွဲရုံ တည်ဆောက်လျက်ရှိသည်။

တည်ဆောက်နေသော ကုန်ဈေးပွဲရုံသည် အခန်းပေါင်း ၉၆ ခန်းပါဝင်သည့် အလျားပေ ၈၀၊ အနံပေ ၆၀ ရှိ ကုန်ဈေးပွဲရုံ ၁၂ ရုံကို တည်ဆောက်နေခြင်း ဖြစ်သည်။ **(အောက်ပုံ)**

"ကုန်ဈေးပွဲရုံတွေတည်ဆောက်ရာမှာ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေသလို သွားလာရလွယ်ကူအောင် ကွန်ကရစ်လမ်းတွေ ခင်းနေပါတယ်။ ဒါ့အပြင် လယ်တီကန်ပတ်လည်သာယာလှပရေးလုပ်ငန်းနဲ့ ချမ်းမြဝတီရပ်ကွက်မှာ ပြည်သူ့ဥယျာဉ်တည်ဆောက်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

ကုန်ဈေးပွဲရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

ကုန်ဈေးပွဲရုံများ တည်ဆောက်ပြီးစီးပါက ကော်မတီများဖွဲ့စည်းကာ စနစ်တကျနေရာချထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၉၄)





# စားအုန်းဆီလက်ကားရည်ညွှန်းဈေး သုံးပတ်ဆက်တိုက် ဈေးကျဆင်း

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခုတစ်ပတ် အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၂၆၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။ **(အပေါ်ပုံ)**

စက်တင်ဘာ ၃၀ ရက်မှအောက်တိုဘာ ၆ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၇၂၀၊ အောက်တိုဘာ ၇ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ရည်ညွှန်းဈေး ၆၄၅၅ ကျပ်၊ အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ရည်ညွှန်းဈေးသည် ၆၃၅၅ ကျပ် ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အောက်တိုဘာ ၂၁ ရက်မှ အောက်တိုဘာ ၂၇ ရက်အထိ လက်ကားရည်ညွှန်းဈေးသည် ၆၂၆၅ ကျပ် ဖြစ်သည့်အတွက် ရည် ညွှန်းဈေး သုံးပတ်ဆက်တိုက် ဈေးကျဆင်းလာခြင်း ဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သင်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ ဘဏ်စရိတ်များ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိသည်။

အပတ်စဉ်ဖော်ပြပေးထားနေသော အခြေခံလက်ကားရည်ညွှန်းဈေးသည် ရန်ကုန်အထိုင်လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းမှ လွဲ၍ စားအုန်းဆီများကို ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးဖြင့် ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

# ဆရာညိုထွန်းလူ၏ "ဝေးခဲ့သည့်တိုင်" လုံးချင်းဝတ္ထု မိတ်ဆက်

**မန္တလေး အောက်တိုဘာ ၂၁**

ဆရာ ညိုထွန်းလူ၏ "ဝေးခဲ့သည့်တိုင်" လုံးချင်းဝတ္ထုကို အမှတ်တရလက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေး ၃၂ လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ စိတ်ကူးချိုချိုစာအုပ်ဆိုင်တွင် ကျင်းပခဲ့သည်။

စာအုပ်အမှတ်တရလက်မှတ်ရေးထိုးပေးခြင်းနှင့်အတူ ဆရာညိုထွန်းလူစာအုပ် ဝယ်ယူသူ စာချစ်သူများကို ၁၀ ရာခိုင်နှုန်းဈေးလျှော့ပေးထားကြောင်းနှင့် ယခုထွက်ရှိသည့် "ဝေးခဲ့သည့်တိုင်" စာအုပ်မှာ စတုတ္ထမြောက် လုံးချင်းစာအုပ် ဖြစ်သည်။ မန္တလေးမှာ ငယ်စဉ်ကတည်းကနေ အသက် ၇၀ ကျော်အထိ နေထိုင်ဖြတ်သန်းလာသည့် ဘဝပုံစံနှင့် မန္တလေးမြင်ကွင်းများကို ပုံဖော်ရေးဖွဲ့ထားသည့် စာအုပ်ကောင်း တစ်အုပ် ဖြစ်သည်။




စာအုပ်လက်မှတ်ရေးထိုးခြင်းကို မန္တလေး၊ စစ်ကိုင်းက စာပေမိတ်ဆွေများ လာရောက်အားပေးကြသလို ဆရာထွက်ရှိခဲ့သည့် စာအုပ်များအားလုံးကို လာရောက်ဝယ်ယူအားပေးသည့် စာပေချစ်သူများ လာရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **ရွှေမန်း**

## မြဗေဒယျာကုသိုလ်ဖြစ်ဆေးခန်း ပွဲကိုင်ရှင်ဆရာတော်၏ မယ်တော်ကြီးမွေးနေ့ အလှူမင်္ဂလာ ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက် မဟာဝိဇိတာရာမတိုက် စစ်ကိုင်းပရိယတ္တိကျောင်း၏ ဦးစီးပဓာနနာယက မြဗေဒယျာကုသိုလ်ဖြစ်ဆေးခန်း၏ ပွဲကိုင်ရှင်ဆရာတော် ဘဒ္ဒန္တသောဘိတ (ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ)၏ မယ်တော်ကြီးဒေါ်တင်အေး၏ အသက်(၈၃)နှစ်ပြည့် မွေးနေ့အလှူတော် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၉ရက် နံနက် ၈နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မွေးနေ့ရှင်မယ်တော်ကြီးနှင့် ဧည့်ပရိသတ်တို့က မဟာဝိဇိတာရာမတိုက် တိုက်အုပ်ဆရာတော်ဘဒ္ဒန္တသြဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ မွေးနေ့ရှင်က ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် မွေးနေ့ရှင်က မြဗေဒယျာကုသိုလ်ဖြစ် ဆေးခန်းသို့ လာရောက်ပြသကြသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား နံနက်စာထမင်းနှင့်ဟင်း၊ အချိုပွဲတို့ဖြင့် ကျွေးမွေးဧည့်ခံကြသည်။

အဆိုပါ မွေးနေ့ရှင်မယ်တော်ကြီးက မွေးနေ့ရက်မတိုင်မီ အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင်လည်း အရပ်လေးမျက်နှာရှိ လူပုဂ္ဂိုလ်များအား ညနေစာ စတုဒိသာ ထမင်းနှင့် ဟင်းများဖြင့် ကျွေးမွေးကုသိုလ်ယူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

PNT

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### ဆယ့်နှစ်လရာသီ

——————————

* တပေါင်း တန်ခူး နွေကူးရုံ
လေပွေရူးသုန် မြူးတဲ့ဖုန်။
ကဆုန် နယုန် မယုံရဲ
အကုန်မရွှဲ တဖွဲဖွဲ။

* ခပ်သဲသဲနဲ့ မည်းမှောင်မှောင်
ဝါဆို ဝါခေါင် ဝဲနဲ့ဖောင်။
မိုးမင်းမခေါင် တော်သလင်း
ဝါကျွတ်သီတင်း မိုးလည်းလင်း။

* မိုးလေကင်းကင်း နှင်းကပေါ်
တန်ဆောင်မုန်းခေါ် လနတ်တော်။
ဆီးနှင်းရည်ပျော် ပြာသိုထဲ
အရိုးလည်းကွဲ တပို့တွဲ
ဆယ့်နှစ်လရာသီပဲ။ ။

ဇော်ဝင်း(မရွှိမ)

## Basic Dermatology & Aesthetic Medicine Course သင်တန်းများနှင့် စတုတ္ထအကြိမ်မိတ်ဆက်

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးမြို့တွင် စတင်ဖွင့်လှစ်သွားမည့် Aesthetic Dermatology Training Course သည် One Stop Service တွေ လူကြိုက်များလာသည့်အချိန်တွင် Aesthetic Training တွေထဲမှာ One-Stop Training Course လို့ ပြောရလောက်အောင်ထိ အလွန်ပြီးပြည့်စုံသည့် RBL Training Center (Royal Beauty Land) မှ ကျင်းပပြုလုပ်ပေးမည့် Basic Dermatology & Aesthetic Medicine Course သင်တန်းများနှင့် စတုတ္ထအကြိမ်မိတ်ဆက်ခြင်း ဖြစ်သည်။

အလှအပရေးရာ ဆေးပညာကို စိတ်ဝင်စားပြီး စာတွေ့ရော လက်တွေ့ရော စုံစုံလင်လင် လေ့လာသင်ကြားခွင့်ရမည့် "4 Day Lectures and Hands on Training Course"ကို အောက်တိုဘာ ၂၃ရက်မှ ၂၆ရက်အထိ ဖြစ်ပြီး ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ရွေးချယ်၍ နေ့အလိုက် တက်ရောက် သင်ကြားနိုင်ပါသည်။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃လမ်း၊ လမ်း၃၀ နှင့် ၃၁လမ်းကြားတွင် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး သင်တန်းတွင် Day-1:Basic Dermatology & Chemical Peeling ,Day-2:PRP,Laser and Light Treatment ,Day-3:Botox and Thread Lifting,Day-4:MD Codes™ & Filler Injection သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းသူ၊ သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ၊ Training Note စာအုပ်နှင့်ဘောလ်ပင်၊ မှတ်ရန်စာရွက်၊ Coffee Break, Lunch and Snacks အပြင် RBL Training Centre Certificate လက်မှတ်များ ပေးအပ်သွားမည်။ သင်ကြားပြသပေးမည့် ဆရာဝန်များမှာ အလှအပရေးရာ ဆေးပညာလောကတွင် ၁၀ နှစ်ကျော် အတွေ့အကြုံရှိသော ဆရာဝန်များဖြစ်သည့် Dr. Lwin Moe Ag (Founder of Grace Aesthetics Clinic) နှင့် Dr. Phyo Nyi Nyi Ag (Founder of The Skin Clinic) တို့က အနီးကပ်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## အငြိမ်းစားဝန်ထမ်းများ၏ အောက်တိုဘာလအတွက် ပင်စင်လစာငွေများအား ပုံမှန်ထုတ်ပေး

**ကံမ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ အောက်တိုဘာလအတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့ နံနက် ၆ နာရီမှ စတင်၍ ထုတ်ပေးလျက်ရှိရာ ရပ်ကွက်ကျေးရွာများမှ ပင်စင်စားများအား နေ့အလိုက် ခွဲခြားသတ်မှတ်၍ ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများအနေဖြင့်လည်း မိသားစုဝင်တစ်ဦးက ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားထုတ်ယူနိုင်ကြောင်း ကံမမြို့နယ်တွင် မြို့ပြပင်စင် ၆၁၀ဦး၊ ကာကွယ်ရေးပင်စင် ၁၄၉ဦး၊ နိုင်ငံရေးပင်စင် ၇၂ဦးနှင့် မြန်မာ့စီးပွားရေးဘဏ်ပင်စင် ၈ဦး၊ စုစုပေါင်း ပင်စင်စား အငြိမ်းစားဝန်ထမ်း ၈၃၉ဦး ရှိကြောင်း ကံမမြို့ မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

(အောက်ပုံ) အာကာ(ပြန်/ဆက်)





## နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စားများအား ပင်စင်လစာငွေများ စတင်ထုတ်ပေး

**နတ်မောက် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စားများအား ပင်စင်လစာငွေများကို ယနေ့ နံနက် ၇နာရီမှ စတင်ပြီးထုတ်ပေးလျက်ရှိသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်ထုတ်ယူရာတွင် အဆင်ပြေစေရေးအတွက် အောက်တိုဘာ ၂၁ရက်မှ ၃၁ ရက်အထိ နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပင်စင်စားများအား နေ့စဉ် နံနက် ၇ နာရီ မှ ညနေ ၃နာရီအထိ ထုတ်ပေးသွားမည် ဖြစ်သည်။ ထို့အပြင် သတ်မှတ်ရက်များတွင် လာရောက်မထုတ်ယူနိုင်သော ပင်စင်စားများအား နိုဝင်ဘာလဆန်းပိုင်းတွင် ဘဏ်လုပ်ငန်းချိန်အတွင်း၌ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

(၄၆၅)

## သတင်းပဒေသာ

### ရွှေသက်န်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ရွှေဘိုမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေချက်သိုစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါစေတီတော်ရှိ ဓမ္မာရုံတွင်ကျင်းပရာ ရွှေဘိုမြို့နယ်သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဘဒ္ဒန္တဝါစကပဏ္ဍိတဘဒ္ဒန္တဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။ ထို့နောက် တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသလင်္ကာရာသိဝံသမှ အနုမောဒနာတရားတော် ဟောကြားချီးမြှင့်ခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်း ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ ဆက်လက်၍ တာဝန်ရှိသူများက ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးယုံထန်ဖုန်ရမ်က အဖွင့်အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်ခဲ့ကာ ပထမဆုရရှိသော တက်လူအသင်း၊ ဒုတိယဆုရရှိသော ကိုကျော်အသင်းနှင့် တတိယဆုရရှိသော လုံလောင်အသင်းတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ယမန်နေ့ နံနက် ၆ နာရီခွဲတွင် လဲချားမြို့ မဟာမြတ်မုနိဘုရားကြီးရှေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ လဲချားမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ဘုန်းကြီးကျောင်းများမှ ဝါဆိုသံဃာများနှင့် သီလရှင်အပါး ၁၃၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းကို တပ်နယ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်ပြည်သူများက လောင်းလှူကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ရှမ်းရိုးရာဓလေ့မပျက် လှည့်လည်ကန်တော့

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအားလုံးကို ရပ်ကွက်၊ ကျေးရွာများမှ စုပေါင်း၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ စတင်ပြီး သီတင်းကျွတ်လကွယ်နေ့အထိ တစ်ကျောင်းပြီးတစ်ကျောင်း ရပ်ကွက်၊ ကျေးရွာများအလိုက် ဘုန်းကြီးကျောင်းများအား လိုက်လံကန်တော့သည့် အစဉ်အလာသည် ယနေ့အထိ ရှမ်းရိုးရာဓလေ့မပျက် လှည့်လည်ကန်တော့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အဘိဓမ္မာပူဇော်ပွဲ အခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာရှိ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ ဦးဆောင်၍ အဘိဓမ္မာအခါတော်နေ့ အဘိဓမ္မာပူဇော်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီက (၂၂)ကြိမ်မြောက် တောမကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုပူဇော်ပွဲအခမ်းအနားအား နှစ်စဉ်ဆောင်ရွက်မြဲလုပ်ငန်းစဉ်အတိုင်း ဝတ်ရွတ်ပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်နေ့ သိမှတ်စရာအကြောင်းအရာတို့အား အမေးအဖြေပြုလုပ်၍ ကျေးရွာပေါင်း ၇ ရွာမှ ပရိသတ်အင်အား ၁၆၀ ခန့် တတ်ရောက်ပူဇော်ကြကြောင်း သိရသည်။ ရွာ ၇ ရွာမှာ တောမကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ပင်ချာကျေးရွာ၊ အုန်းပင်ခြံကျေးရွာ၊ ပတ္တာကျေးရွာ၊ ချောင်းပတ်ကျေးရွာနှင့် ဉာဏ်ကွေ့ကျေးရွာတို့ပါဝင်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာနပဓာနနာယကဆရာတော်၊ နယ်စပ်တောင်တန်းဒေသနှင့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇ မဟာရဋ္ဌဂုရု ဦးဆောင်သော အဖွဲ့သည် ဆရာတော်၏ သားတပည့်များဖြစ်ကြသည့်အတွက်၊ ဖိတ်ကြားချက်အရ သွားရောက်ပူဇော်ခဲ့ပြီး၊ နယ်စပ်တောင်တန်းဒေသနှင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယကဘဒ္ဒန္တတိက္ခ ကိုယ်စားအသင်းဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က အဘိဓမ္မာပွဲဖြစ်မြောက်ရေးအဖွဲ့သို့ အလှူတော်ငွေကျပ်တစ်သိန်းကို နဝကမ္မအလှူတော်ငွေအဖြစ် ပေးအပ်လှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

## (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသရှိ ဘုန်းတော်ကြီးကျောင်း ၁၅၈၃ တို့အတွက် (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်သို့ မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်၊ လိပ်ကျဲကျေးရွာနေ အလှူရှင် ဦးတိုးအောင်နာယက၊ ဦးချစ်ကို ဥက္ကဋ္ဌ၊ ဦးလှဖုန်းနိုင် အတွင်းရေးမှူးတို့က စုပေါင်း၍ ပဒေသာပင် တစ်ပင်၊ ကာလတန်ဖိုး တစ်သိန်းတစ်သောင်းကို ယမန်နေ့က ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ အလားတူ မန္တလေးမြို့ ဖခင်ကြီး ဦးငွေအောင်၊ မိခင်ကြီး ဒေါ်ခင်နွဲ့အေး၊ အစ်မကြီး ဒေါ်နိုင်နိုင်ဝင်းတို့အား ရည်စူး၍ (သမီး) မနိုင်နိုင် မိသားတစ်စုက ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့ မဟာမြိုင်(၂)နေ အလှူရှင် နှစ်ဖက်မိဘများ အမှူးထား၍ ဦးခင်မောင်ဝင်း+ဒေါ်အေးအေးမာ မိသားစုက ပဒေသာပင် တစ်ပင်၊ မကွေးတိုင်း ပွင့်ဖြူမြို့နယ်၊ ကျောက်ပန်းတောင်းကျေးရွာနေ အလှူရှင် ဦးဝင်းသိန်း၊ ဒေါ်ကျင် မိသားစုက ပဒေသာပင် တစ်ပင်၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်နေ အလှူရှင် နှစ်ဖက်မိဘများအား ရည်စူး၍ ဦးသက်အောင်+ဒေါ်တင်စောမို့မို့တို့က ကထိန်တော်ဖြစ်မြောက်ရေးအတွက် နဝကမ္မအလှူတော်ငွေကျပ် ငါးသောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ယာပုံ)

(ကဆ)



## တစ်နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျိုကုန်း ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်းတိုက်တွင် ယမန်နေ့က အလှူရှင် ချမ်းမြသာစည်မြို့နယ်၊ မြို့ဟောင်းဈေးရပ်နေ ကိုမင်းမင်းသက်+မသင်းနွယ်စိုး မိသားစုက(သမီးလေး)သိမ့်မွေ့သဒ္ဒါ၏ တစ်နှစ်ပြည့် မွေးနေ့အလှူအဖြစ် ကျောင်းတိုက် ဦးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလ (ဓမ္မာစရိယ B.A)ဆရာတော် အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မိဘမဲ့တိုင်းရင်းသားကလေးငယ်များအား နေ့လယ်စာအာဟာရထမင်း၊ ဟင်းများဖြင့် ကျွေးမွေးလှူဒါန်းခြင်းတို့ ဆောင်ရွက်ကြရာ ပဓာနဆရာတော်က လှူဒါန်းမှုအတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းတိုက်ရှိ တိုင်းရင်းသားမိဘမဲ့ကလေးငယ်စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရဒါန ကျွေးမွေးလှူဒါန်းလိုပါကလည်းကောင်း၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံ အလှူငွေများလှူဒါန်းလိုပါကလည်းကောင်း၊ ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈၃၂၄၅၆ တို့နှင့်သာ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသတွင်မှ အလှူခံစေလွှတ်ထားခြင်းမရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

* - * - * - * - *

## (၁၁၁)ကြိမ်မြောက် ဇီဝိတဒါနသွေးလှူဒါန်း



**မန္တလေး အောက်တိုဘာ ၂၁**

စိန်ညီအစ်ကို သွေးလှူရှင် (မန္တလေး)မှ ဦးနိုင်ဦး(လူမှုထူးချွန်တတိယဆင့်)သည် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် (၁၁၁)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)(ဝ၄၁)

မျက်စိလျှကြ မျက်ကြည်ရ၊
မြတ်သည့် လှူဒါန။

# စာဖတ်ခြင်းရဲ့ အကျယ်အဝန်း

မိုးထက်ကို(အမရပူရ)

စာဖတ်သော လူမျိုးသည် ကြီးမြတ်၍ ကြီးမြတ်သော လူမျိုးသည် စာဖတ်ကြသည်။

စာမဖတ်၍ စာမတတ်သောလူများရှိသော နိုင်ငံမှန်သမျှ ဆင်းရဲကြ၏။ စာဖတ်၍ စာတတ်သော လူများရှိသော နိုင်ငံမှန်သမျှ ကြီးပွားချမ်းသာကြသည်။

(ဦးသန့်)

စာမဖတ်သောသူသည် အသိအမြင် အတွေးအခေါ်နည်းပါးသဖြင့် ဘဝတစ်ခုတည်ဆောက်မှုမှာ မတိုးတတ်နိုင်ပါ ပညာတတ်တစ်ဦးဖြစ်လာလည်း လူတော်တစ်ဦးဖြစ်ချင်မှ ဖြစ်မည်။ လူကောင်းတစ်ဦးလည်း ဖြစ်ချင်မှ ဖြစ်မည်။ ပညာပြည့်ဝ နှလုံးလှသည့် လူတော်လူကောင်းတစ်ဦးဖြစ်ရန် စာပေကို ချစ်မြတ်နိုးစိတ်ရှိပြီး စာပေကို တန်ဖိုးထားမှ အသိဉာဏ်ပညာနဲ့ ပြည့်စုံသော လူတစ်ဦးဖြစ်မည်သာ

လူငယ်မျိုးဆက်သစ်များသည် အနာဂတ်လူ့ဘောင်သစ်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံတော်၏ အရင်းအမြစ်အခြေခံအုတ်မြစ်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်ဝသူ၊ ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သူ၊ လူငယ်များဖြင့်သာ နိုင်ငံတော်ကို ကောင်းအောင် တည်ဆောက်သွားနိုင်မည်။

ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဟူသည့် ဗလငါးတန် ပြည့်စုံအောင် လေ့ကျင့်ပြုစုပျိုးထောင်သွားရန် လိုအပ်ပေသည်။

စာဖတ်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများရရှိနိုင်ခြင်း၊ ဦးနှောက်ရင့်ကျက်အောင် လေ့ကျင့်ပေးနိုင်ခြင်း၊ စိတ်ပင်ပန်းမှုအပန်းဖြေခြင်း၊ ပေါင်းသင်းဆက်ဆံမှုစွမ်းရည်တိုးတက်လာခြင်း၊ စိတ်ခွန်အားပြည့်ဝစေခြင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်စွမ်းမြင့်မားလာခြင်း၊ စိတ်ရှည်သည်းခံနိုင်မှုစွမ်းအားရှိခြင်း၊ စိတ်ကူးစိတ်သန်းကောင်းမွန်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

လူတိုင်းအရွယ်ရောက်လာကြလျှင် စာတတ်ပေတတ်ဖြစ်ကာ လူကိုလူလိုမြင်တတ်ဖို့ လိုပါသည်။ မေတ္တာတရားထားရှိကြဖို့ လိုပါသည်။ ကိုယ်ချင်းစာတရားတွေ ခေါင်းပါးကြလျှင် ပညာတတ်လူမိုက်ရဲ့ ဆိုးကျိုးကိုသိပြီး လိမ္မာစေရန် တရားချနေလည်း အချိန်တွေသာ ကုန်ခန်းကာ ပြုပြင်ရန်မလွယ်ကူပါ။

ထို့ကြောင့် မိဘနဲ့ဆရာ နားလည်မှုရှိပြီး ကိုယ့်သားသမီး ကိုယ့်တပည့်တွေကို မူလတန်းအရွယ်နုနယ်စဉ်ကတည်းက နှလုံးသားထဲကို အသိအလိမ္မာတွေထည့်ပေးလိုက်ရပါမည်။အလယ်တန်း အထက်တန်းတွေမှာ အဆင့်ဆင့်အစစအရာရာပြင်ဆင်ပေးလိုက်မှသာ တန်ဖိုးရှိသော လူရည်ချွန် လူရည်မွန်လေးများ ပေါ်ပေါက်လာမည်သာ။

ယနေ့ခေတ်ကာလမှာ လေ့လာသင်ယူစရာ



များ ထွန်းကားများပြားလှပါသည်။ လေ့လာသင့်ယူမှုမှာ ကုန်ကျစရိတ်အနည်းဆုံးနဲ့ အထိရောက်ဆုံးအရာမှာ စာဖတ်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဦးနှောက်မှာ ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

စာဖတ်ခြင်းသည် ကမ္ဘာကြီးကို တစ်နေရာတည်းက ကြည့်နေတာမျိုးဖြစ်သကဲ့သို့ လူတွေကြားမှာ သွားလာစရာမလိုဘဲ လူ့သဘော၊ လူ့မနော၊ လူ့စရိုက်တွေကို သိရှိနိုင်ပါသည်။ ကိုယ်သိချင်သော အကြောင်းအရာအားလုံးကို ကိုယ်ဖတ်ရှုနေသော စာအုပ်ထဲမှ ရှာဖွေရရှိနိုင်ရန် စာဖတ်ခြင်းက လူ့ဘဝဗဟုသုတများစွာကို ပေးစွမ်းနိုင်ပါသည်။



စာများများဖတ်ပါ။ စာအုပ်များသည် သင်၏ အမြင်၊ သင်၏အတွေး၊ သင်၏စိတ်ကူး၊ သင်၏ အိပ်မက်များကို ချဲ့ထွင်ပေးပါလိမ့်မည်။ အထူးသဖြင့် အောင်မြင်ကျော်ကြားခဲ့သော နိုင်ငံတကာ အသိပညာရှင်၊ အတတ်ပညာရှင် ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ မြန်မာပညာရှင်ကြီးများ၏ အဆိုအမိန့်၊ အဆုံးအမများကို ဖတ်ရှုလျှင် ၎င်းတို့၏ အိပ်မက်များနှင့် ထိုအိပ်မက်များ အကောင်အထည်ဖော်အောင် ကျားကုတ်ကျားခဲ အားထုတ်ခဲ့ပုံများကို အားတက်ဖွယ် တွေ့ရှိရပါလိမ့်မည်၊ ထို့အပြင် သင့်ဘဝအတွက် ပိုမိုသင့်တော်မှန်ကန်သည့် အိပ်မက်သစ်များမက်ရန် ပိုမိုခိုင်မာသည့် ဘဝလမ်းကြောင်းသစ်များ ရရှိလာပါလိမ့်မည်။

လူ့ဘဝမှာ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ် တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင်တတ်မြောက်ထားကြရပါမည်။ လူရာဝင်အောင် လူ့အသိအလိမ္မာတို့ကို ရရှိစေနိုင်သော စာတတ်ခြင်း၊ စာဖတ်ခြင်းသည် လူတိုင်းအတွက် အရေးပါအရာရောက်ပါသည်။ စာတတ်လျှင် စာဖတ်ကြရပါမည်။ စာဖတ်ခြင်းကို မွေ့လျော်နှစ်သက်ကြရပါမည်။ ထိုစာပေများသည် အကြောင်းအကျိုးသိ၍ အကောင်းအဆိုးကို နှိုင်းဆချင့်ချိန်ဖန်တီးဆောင်ရွက်စေပါသည်။

လူတစ်ဦးချင်းစီအတွက် ဘဝအတိမ်းအစောင်းကို တည့်မတ်ပေးနိုင်သည်မှာ အသိဉာဏ်ပညာသာဖြစ်သည်။ အသိဉာဏ်ပညာမရှိလျှင် လူ့လောက အလယ်မှာ လူရာဝင်မည်မဟုတ်ပါ။ လူတောတိုးမည်မဟုတ်ပါ၊ လူ့နောက်လိုက်သာဖြစ်ပေလိမ့်မည်။

လူတစ်ဦးချင်းစီ၏ စာတတ်နှုန်းတိုးတက်လာလျှင် မကောင်းမှုဒုစရိုက်များ လျော့ကျလာစေမည့်အပြင် နိုင်ငံတော် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေပါသည်။ လူမှုဘဝမြင့်မားရေးအတွက် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုရန် လိုအပ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ အသိဉာဏ်ပညာနှင့် အတွေးအခေါ်အမြော်အမြင် မြင့်မားရန် အရေးကြီးလှပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့သို့ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများတိုး တက်စေရန် စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြရန် လိုအပ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်ငါးနှစ်ကျော်ခေတ်ကာလက နိုင်ငံတော်က စာမတတ်သူပပျောက်ရေးစီမံကိန်းချကာ မြန်မာနိုင်ငံတစ်နံတစ်လျားမြို့ပြကျေးလက်တောရွာများမကျန် စာမတတ်သူပပျောက်ရေး "အသုံးလုံး" သင်တန်းများကို နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်ကာ ပညာသင်ကြားပေးခဲ့ပါသည်။ သင်ရိုးညွှန်းတမ်းအစ "ဝ,ထ,က,လ,သ" ဟူသော မြန်မာအက္ခရာငါးလုံးကို ဖတ်လွယ်မှတ် လွယ်အောင် စတင်သင်ကြားပေးခဲ့ပါသည်။ ထို့ "အသုံးလုံး" သင်တန်းမှာ ကလေး၊ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးမကျန် အားလုံး တက်ရောက်ကာ ပညာသင်ကြားပေးခဲ့ကြပါသည်။ အချိန်တိုအတွင်းမှာ တက်ရောက်သင်ကြားကြသူအားလုံး ရေးတတ်၊ ဖတ်တတ်၊ စာတတ်မြောက်ခဲ့ကြပါသည်။

ဟိုယခင်အချိန်ကာလက စာမတတ်သူပပျောက်ရေးစီမံကိန်းလှုပ်ရှားမှု၏ အကျိုးဆက်တစ်ခုဖြစ်သော ယခုအချိန်အခါမှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ စာတတ်၊ ပေတတ်၊ ပညာတတ်များ ထွန်းကားပေါများလာခဲ့ပါပြီ။ ယနေ့အချိန်အခါမှာ စာမတတ်သူပပျောက်ရေးအပြင် စာမဖတ်သူပပျောက်ရေးအဖြစ် မြန်မာနိုင်ငံအနှံ့အပြားမြို့နယ်များအလိုက် စာပေစကားဝိုင်းများ ရေးသူ၊ ဖတ်သူဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိပါသည်။ စာဖတ်ရှိန်မြှင့်တင်ကာ စာဖတ်ခြင်းဖြင့် လူတော်၊ လူကောင်းများ ပီသစွာ မိမိအတွက် မိမိမြို့နယ်အတွက်၊ မိမိနိုင်ငံတော်အတွက် အကျိုးရှိစွာ တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။

စာတတ်မြောက်မှုနည်းပါးကာ စာပေမဖတ်သူလူအများရှိသည့် နိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော နိုင်ငံများဖြစ်ကြပါသည်။ စာတတ်မြောက်မှုနှုန်းများပြားသော စာဖတ်သည့်အလေ့အထရှိသော နိုင်ငံများသည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဖြစ်ကြပါသည်။

ယနေ့စိန်ခေါ်မှုများအားပြိုင်နေသော ခေတ်ကာလမှာ အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် နိုင်ငံတကာစာပေ မြန်မာစာပေ စာမျိုးစုံစွာ ဖတ်ရှုကြရပါမည်။ ထိုသို့စာမျိုးစုံစွာ ဖတ်ရှုနိုင်ရန် လူတိုင်း စာဖတ်စေချင်ပါသည်။ လူတိုင်းဘဝ ရွှေရောင်တောက်ပပြီး အနာဂတ်ကာလ သာယာလှပစေရန် လူတိုင်း စာတတ်မြောက်ကြရပါမည်။ လူတိုင်းစာတတ်လျှင် လူတိုင်းစာဖတ်စေချင်ပါသည်။ စာဖတ်လျှင် ကမ္ဘာပတ်စရာမလိုပါ။




# တရုတ်-မြန်မာနှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် တရုတ်နိုင်ငံပေါင်းစန်းပြည်နယ်ခွဲသို့ သွားရောက်လေ့လာ

တရုတ်-မြန်မာနှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံပေါင်းစန်းပြည်နယ်ခွဲအတွင်း ကွင်းဆင်းလေ့လာရေးအစီအစဉ်ဖြင့်အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ ဖူကျင့်နိုင်ငံတကာ တရုတ်ဘာသာသင်ကျောင်း(FITC)ကျောင်းအုပ်ကြီး ဒေါက်တာစက်တီ ဦးဆောင်သော မန္တလေးမြို့ မီဒီယာအဖွဲ့သည် အောက်တိုဘာ ၂၀ရက် ည ၇ နာရီ ၁၀ မိနစ်က Ruili Air Line လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

မန္တလေးမြို့မှ မီဒီယာအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပေါင်းစန်းပြည်နယ်ခွဲ ဆက်ဆံရေးရုံးမှ တာဝန်ခံဦးဆောင်၍ ပေါင်းဆန်းတရုတ်တိုင်းရင်းဆေးအဆင့်မြင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ နည်းပညာနှင့်ပညာရေးကောလိပ်၊ ချန်နင်ခရိုင်ခေါ်ကြယ်မြို့နယ်၊ သံလွင်မြစ်ရေပူစမ်း လူမှုစောင့်ရှောက်ရေးစင်တာ၊ ချန်နင်ခရိုင်ဝှမ်ကြားရွာနှစ်ရှည်လက်ဖက်ဥယျာဉ်၊ ယူနန်ပြည်နယ်ချန်နင်ဟုန်လက်ဖက်လုပ်ငန်းကုမ္ပဏီအုပ်စု၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ လုံလင်ခရိုင်ဒန်ဒရိုသစ်ခွသုတေသနဌာန၊ ယူနန်ပြည်နယ် ဖျင်ဟူထန်ဇီဝနည်းပညာကုမ္ပဏီလီမိတက်၊ လုံလင်ခရိုင်၊ ဒန်ဒရိုသစ်ခွပန်းခင်းရောင်းဝယ်ရေးစင်တာ၊ ထိန်ချုံခရိုင်၊ ရေပူစမ်းထိန်ချုံဂင်ဂိုပင်ကျေးရွာ၊ ထိန်ချုံမီးတောင်၊ ထိန်ချုံခရိုင်နှင့်ဟော်ရှင်ရှေးဟောင်းမြို့တော်၊ ယူနန်အနောက်ပိုင်းအသုံးချနည်းပညာတက္ကသိုလ်နှင့်ကျောက်မျက်သင်တန်းကျောင်း၊ ယူနန်ပြည်နယ်ထိန်ချုံခရိုင်စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇုန်၊ ပေါင်းစန်း Beaton ကော်ဖီယဉ်ကျေးမှုဥယျာဉ်နှင့် ရှင်ကျိုက်ပထမဆုံး ကော်ဖီကျေးရွာတို့ကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

# မြို့နယ်ထွက်ဖရဲသီးဈေးနှုန်းသက်သာ၍ အဝယ်လိုက်

**ရေနံချောင်း အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် မကွေးမြို့နယ်မှထွက်သော ကျောက်စိမ်းဖရဲသီးများဈေးနှုန်းသက်သာ သောကြောင့် အဝယ်လိုက်နေသည်။

ယခု ရက်သတ္တပတ်တွင် ကျောက်စိမ်းဖရဲသီးကို သုံးဘီးကား၊ ဟိုက်ဂျက်ကားများဖြင့် ရေနံချောင်းမြို့မဈေးတောင်ဘက် ကုန်သည်လမ်းပေါ်၌ ရောင်းချကြရာ အဝယ်လိုက်နေကြောင်း ရောင်းသူများထံက သိရသည်။

ဖရဲသီးဈေးနှုန်းမှာ ကျောက်စိမ်းဖရဲသီးတစ်လုံး ငွေကျပ် ၅၀၀၊ ၁၀၀၀၊ ဖရဲသီးအလုံးကြီးတစ်လုံး ငွေကျပ် ၁၅၀၀၊ ၁၈၀၀ ရောင်းရပြီး ဈေးချို(ဈေးသက်သာကြောင့်) လက်လီခွဲခြမ်းစိတ်ဖြာရောင်းသူများနှင့်စားသုံးသူများ ဝယ်ယူလျက်ရှိသည်။

(ယာပုံ)

(၄၇၂)



# စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချပေး

**ကန့်ဘလူ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများကို ပြင်ပပေါက်ဈေးထက် လျှော့ချရောင်းပေးခြင်းတို့ကို မြို့နယ်ဌာနဆိုင်ရာများနှင့် ဆီလုပ်ငန်းရှင်များပူးပေါင်းကာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအရှေ့၊ ကျွန်းရွှေဝါလမ်းဘေး၌ ရောင်းချပေးခဲ့သည်။

ထိုသို့ စားအုန်းဆီများ ရောင်းချပေးရာတွင် ပြည်သူများ သက်သာသောနှုန်းဖြင့် ဝယ်ယူနိုင်စေရန် လူတစ်ဦးလျှင် စားသုံးဆီ ၅၀ ကျပ်သားကို ငွေကျပ် ၃၈၂၅ ဖြင့် ပြည်သူများလက်ဝယ်အရောက် ရောင်းချပေးခြင်းဖြစ်ပြီး ယင်းနေ့တွင် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့၌ ရောင်းချပေးခဲ့ပြီး ကျန်ရပ်ကွက်များတွင်လည်း ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)



# ထိုင်းနိုင်ငံမှ ဝယ်လိုအားရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ငရုတ်သီးတင်ပို့မှု လျော့ကျ

မြန်မာ့ငရုတ်သီးကို ထိုင်းနိုင်ငံမှ ဝယ်လိုအားရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ငရုတ်သီးတင်ပို့မှု လျော့ကျနေကြောင်း ကုန်သည်များထံက သိရသည်။

ငရုတ်သီးကို လက်ရှိမှာ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့မှုရှိနေပြီး တင်ပို့ရာမှာ မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့်တင်ပို့ရခြင်းဖြစ်ကြောင်း လမ်းကြောင်းတစ်လျှောက် အနည်းဆုံး ၁၀ ရက်ခန့် ကြာမြင့်သောကြောင့် ထိုင်းနိုင်ငံသို့ ရောက်ရှိချိန်တွင် ငရုတ်သီးများ ပျက်စီးမှုရှိသဖြင့် ဈေးကောင်းမရရှိမှုများ ဖြစ်ပေါ်နေကြောင်း ငရုတ်သီးကုန်သည်တစ်ဦးက ပြောသည်။

"ခရီးလမ်းကကြာတော့ ငရုတ်သီးတွေ မှိုကပ်ပြီး ရိပျက်စီးနေတာတွေ ဖြစ်လာတယ်။ အခုချိန်မှာ ထိုင်းနိုင်ငံကိုလည်း တရုတ်ငရုတ်သီးတွေ ဝင်နေတော့ မြန်မာအသီးတွေ ဈေးကွက်မတိုးနိုင်ဈေးကောင်းလည်းမရ ဖြစ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ငရုတ်သီးအမှည့်ကို လက်ရှိမှာ ထိုင်းကိုသာ အနည်းငယ်တင်ပို့မှုရှိပြီး တင်ပို့ရာမှာလည်း ၆ ဘီးအအေးခန်းကားနှင့် တင်ပို့ရတာဖြစ်ပြီး တင်ပို့စရိတ်မှာ ယခင်က ငွေကျပ်သိန်း ၅၀ ခန့်အထိ ကုန်ကျသော်လည်း ယခုအခါ ငွေကျပ် သိန်း ၁၅၀ ခန့်ထိ ကုန်ကျနေခြင်းဖြစ်သည်။

လက်ရှိပြည်တွင်းမှာ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအပါအဝင် ဒေသအချို့မှာ ငရုတ်သီးအမှည့်တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀-၂၇၀၀ ကြား ခြံရောင်းဈေးရှိနေသည်။

ငရုတ်သီးအမှည့်ခြောက်ဈေးက ရန်ကုန်ဘုရင့်နောင်ဈေးကွက်တွင် ပန်းရဲသစ်နှင့်မြွားနီအမျိုးအစားက တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀-၆၀၀၀၊ မြစ်ဝ(ပု)သစ်က တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀-၁၀၅၀၀၊ ဆင်ဖြူကျွန်း(ပု)တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀-၁၁၀၀၀၊ မိုးထောင်မြစ်ဝက တစ်ပိဿာလျှင်ငွေကျပ် ၁၀၀၀၀-၁၂၀၀၀၊ ပန်းရဲတစ်ပိဿာလျှင်ငွေကျပ် ၁၀၀၀၀-၁၁၀၀၀ ပေါက်ဈေးရှိနေသည်။

ငရုတ်သီးကို ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း



# တစ်နိုင်တစ်ပိုင် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေ ရရှိ

**မြစ်သား အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ ဘူတာရပ်ကွက်တွင် တစ်နိုင်တစ်ပိုင် ဝက်သားပေါက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရရှိကြောင်း သိရသည်။



ဝက်သားပေါက်မွေးမြူရေး လုပ်ကိုင်ရာတွင် ဝက်သားပေါက်ကောင်များအား သတ်မှတ်ထားသည့် အသက်အရွယ်အလိုက် မျိုးကောင်းမျိုးသန့်ရရှိစေရေးအတွက် သားဖြတ်ခြင်း၊ သံဓာတ်အားတိုးဆေးထိုးပေးခြင်း၊ ဝက်အထီးများအား သင်းကွပ်ခြင်း၊ ဝမ်းကျရောဂါကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးရပြီး မွေးကင်းစအရွယ်မှစ၍ စနစ်တကျပြုစုပျိုးထောင်ပေးရကြောင်း သိရသည်။ ဝက်သားပေါက်ကောင်အရွယ်များအား အစာစားတတ်စေရန် တစ်ပတ်သားအရွယ်မှစ၍ လေ့ကျင့်ပေးပြီး ၃၅ ရက်သားအရွယ်တွင် မိခင်နှင့်သားခွဲနေထိုင်စေကာ ၄၅ ရက်သားအရွယ် စတင်ရောင်းချလျက်ရှိသည်။ သားဖောက်ဝက်မကြီးသည် ဝက်တစ်သားလျှင် ၁၀ ကောင်မှ ၁၄ ကောင်အထိပေါက်ဖွားနိုင်ပြီး တစ်လခွဲနှင့် နှစ်လသားအရွယ်များတွင် စတင်ရောင်းချနိုင်၍ ဝက်သားပေါက်တစ်ကောင်လျှင် ကြီးထွားမှုအရွယ်အစားအလိုက် ငွေကျပ် ၈၀၀၀၀ မှ ၈၅၀၀၀ အထိဈေးကောင်းရရှိပြီး တစ်လခွဲသားအရွယ်နှင့် နှစ်လသားအရွယ်များတွင် စတင်ရောင်းချလျက်ရှိသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့်ကျွဲများကို မွေးမြူခြင်းဖြင့် နွားချေး၊ ကြက်ချေး၊ ဝက်ချေးတို့ကို လယ်ယာမြေအတွက် လိုအပ်သောသဘာဝမြေသြဇာများအဖြစ် အသုံးပြုရောင်းချရသောကြောင့် မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရရှိကြောင်း ဝက်သားပေါက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးဇော်နိုင်ထံမှ သိရသည်။

(ဝဲပုံ)

ဝင်းမင်းထွန်း (မြစ်သား)

# ကျေးရွာချင်းဆက်တံတားအား ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းတိုင်းတာ

**တောင်တွင်းကြီး အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ကျေးရွာချင်းဆက်တံတားအား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး ယမန်နေ့က ကွင်းဆင်းကြည့်ရှုတိုင်းတာခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်း၊ မကွေးခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေအောင်ဆန်းနှင့် တာဝန်ရှိသူများက မြင်းစုလမ်းပေါ်ရှိ အရှည် ၂၅၀ ပေ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသော သံကူကွန်ကရစ်တံတားနေရာတွင် Submersible Bridge ပေ ၄၀၀၊ ၁ စင်း တည်ဆောက်မည့်နေရာအား ကွင်းဆင်းကြည့်ရှုခဲ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ





# ဆီမီးထွန်းညှိပူဇော်ပွဲနှင့် ဆီမီးဖောင်မျှောပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပင်းတယ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့လယ် နာဂစိဋ္ဌာန် ပုန်းတလုတ်နတ်ရေကန်အား ဖယောင်းတိုင်ဆီမီးများ ထွန်းညှိပူဇော်ပွဲနှင့် ရေကန်အတွင်းသို့ ဆီမီးဖယောင်းခွက်ငယ်များနှင့် မီးဖောင်မျှောပွဲကို အောက်တိုဘာ ၁၈ ရက် ည ၇နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဓနုဒေသပင်းတယမြို့လယ်၌ တည်ရှိနေသော ရှေးနှစ်ပေါင်းများစွာကတည်းက နတ်နဂါးမင်းနတ်ငုံရေဖြင့် ဖန်ရှင်းထားသော ၈၂ ဒသမ ၅၇ ဧက ကျယ်ဝန်းပြီး အနက် ၁၆ ပေရှိကာ ကန်ရေပြည့်ဝစွာရှိနေသည့် ရှေးဟောင်းသမိုင်းဝင် နာဂစိဋ္ဌာန် ပုန်းတလုတ်နတ်ရေကန် ပတ်ပတ်လည်ကမ်းစပ်နေရာများ၌ မြို့ပေါ်ရပ်ကွက် ၁၃ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ အုပ်စုရှိ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသော ဒေသနေတိုင်းရင်းသား မိဘပြည်သူများ လာရောက်၍ ရာသီဥတုကောင်းမွန်၍ ရေကန်ပုံမှန် ရေပြည့်လာမှုနှင့်အတူ ကန်ရေကြည်လင်သန့်ရှင်းအေးမြနေမှုအတွက် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ရှေးနှစ်ပေါင်းများစွာကတည်းက နတ်နဂါးမင်းကတိသစ္စာပြု၍ သွန်ချဖန်တီးပေးခဲ့သည့် နတ်သမီးခုနစ်ဖော် ရေချိုးသည့် နတ်ရေကန်သည် ပင်းတယမြို့နယ်အတွင်းရှိ ဒေသနေပြည်သူများနှင့် မြန်မာပြည်အနှံ့အပြားရှိ တိုင်းရင်းသားမိဘပြည်သူများအားလုံးအတွက် နတ်ရေကန်အတွင်းသို့ ရေချိုးခြင်းနှင့် အဝတ်အထည်များ လျှော်ဖွတ်ခြင်းလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ပါသဖြင့် ကြည်နူးဝမ်းမြောက်ကြောင်း စသည့် ရည်ရွယ်ချက်များဖြင့် ရေကန်စောင့်နတ်မင်းအား တိုင်တည်ပူဇော်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၃၈)

# ပဋ္ဌမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး ကရာတေးလက်ရွေးစင်များ စခန်းသွင်းလေ့ကျင့်

**မန္တလေး အောက်တိုဘာ ၂၁**

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး ကရာတေးလက်ရွေးစင်များရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ခြင်းများကို ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကရာတေးလေ့ကျင့်ရေးစခန်းတွင် အောက်တိုဘာလဆန်းမှ စတင်၍ မန္တလေးတိုင်းဒေသကြီး ကရာတေး နည်းပြများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ ကရာတေးနည်းစနစ်မှူးများက ပဏာမရွေးချယ်ထားသော ခရိုင်နှင့် မြို့နယ်များမှ ထူးချွန်ကရာတေးသမားများအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးကရာတေးအသင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲများနှင့် စတုတ္ထအကြိမ်အမျိုးသားအားကစားပြိုင်ပွဲများတွင် သက်တမ်းအလိုက် ရွှေတံဆိပ်၊ ငွေတံဆိပ်အများဆုံး ရယူပေးနိုင်ခဲ့ပြီး တိုင်းဂုဏ်ဆောင်ခဲ့သော အသင်းဖြစ်ခဲ့ကြောင်းနှင့် ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတွင် ဆုတံဆိပ်များရရှိရေး စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။




(အပေါ်ပုံ) (၀၄၅)

# ကျန်းမာရေးရာ ထိပ်တန်းသုတများ

**သွေးတွင်းသကြားဓာတ် အလျင်အမြန်လျှော့ချစေမည့် နည်း(၃)နည်း။ (ဆီးချိုအမျိုးအစား(၂)ဖြစ်သူများအတွက် ရည်ရွယ်ပါသည်။)**

အစာစားပြီးသည့်အခါ မိနစ် ၂၀ မျှ လမ်းလျှောက်ပါ။ လမ်းလျှောက်ပြန်လာသည့်အခါ ထိုင်ထအကြိမ် ၂၀ ခန့် လုပ်ပေးပါ။ ထိုသို့ လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကြွက်သားများ ကျုံ့ဆန့်ရသည့်အတွက် စွမ်းအင်လိုအပ်သည်။ ၄င်းစွမ်းအင်ရရှိရန် သွေးတွင်းသကြားဓာတ်ကို သွေးကြောများတစ်ဆင့် ကြွက်သားများအတွင်း အမြန်ဆုံးဝင်ရောက်ရသည်။ ထိုသို့ ဝင်ရောက်သွားသည့်အတွက် သွေးတွင်းသကြားဓာတ်ကို လျင်မြန်စွာ ကျဆင်းစေခြင်း ဖြစ်သည်။

ထိုင်ထပြုလုပ်သည့်အခါ မူးဝေခြင်း၊ မိုက်ခနဲဖြစ်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ အဆစ်အဆက်များ ကိုက်ခဲနာကျင်ခြင်း စသည်တို့ ဖြစ်ပေါ်ခံရပါက လုပ်ဆောင်ရန် မသင့်ပါ။

ထိုင်ထလေ့ကျင့်ခန်းလုပ်ပြီး (သို့မဟုတ်) လမ်းလျှောက်ပြီးသည့်အခါ ရေဖန်ခွက်နှစ်ခွက်မျှ သောက်ပေးပါ။

ရေသောက်ခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို တိုက်ရိုက်လျှော့ချခြင်းမျိုး မဟုတ်ပါ။ ရေဓာတ်မခန်းခြောက်စေရန် ရေဓာတ်မနည်းစေရန်အတွက် ဖြစ်သည်။ ရေဓာတ်ခန်းခြောက်ခြင်းသည် သွေးတွင်းသကြားဓာတ်မြင့်တက်နှုန်းကိုဖြစ်စေသည့်အတွက် ရေသောက်ပေးခြင်း ဖြစ်သည်။ ရေသောက်သည့်အခါတွင်မူ လေ့ကျင့်ခန်းလုပ်ပြီးပြီးချင်းမသောက်ဘဲ ခဏမျှနားပြီးမှ ဖြည်းဖြည်းသောက်ရပါမည်။

အစာမစားမီ အသီးအရွက် နှစ်ပန်းကန်စာမျှ ဦးစွာစားပါ။ သို့မှသာ လိုအပ်သည့် အမျှင်ဓာတ်နှင့် အာဟာရဓာတ်များ ပြည့်ဝစေပြီး သွေးတွင်းသကြားဓာတ်ကို လျှော့ချစေနိုင်မည် ဖြစ်သည်။



ထမင်း၊ ခေါက်ဆွဲ စသည့် ကစီဓာတ်များများပါဝင်သည့် အစားအစာများကို ရေခဲသေတ္တာအတွင်း တစ်ညတာထားပြီး နံနက်၌ နွေးစားပါက ကစီဓာတ်နည်းစေသည်ဟူသောအကြောင်းနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သည့် သုတေသနအရ---

(၁) ထမင်းကို ချက်ပြုတ်ပြီး ပူပူနွေးနွေးစားခြင်း၊

(၂) ထမင်းကို အအေးခံကာ အခန်းအပူချိန်အတွင်း ၁၀ နာရီ မျှထားပြီး စားခြင်း၊

(၃) ထမင်းကို ရေခဲသေတ္တာအတွင်း ၄ $^\circ$C၌ ၂၄ နာရီထားပြီး စားခြင်း။

အထက်ပါ ပုံစံ (၃)မျိုးဖြင့် ယှဉ်ပြီး လေ့လာသည့်အခါ အမှတ်စဉ်(၃)က အမှတ်စဉ် (၂)ထက် သွေးတွင်းသကြားဓာတ်တက်ခြင်း နည်းသည်ဟု ဆိုသည်။

ထို့အတူ အမှတ်စဉ်(၂)က အမှတ်စဉ်(၁)ထက် သွေးတွင်းသကြားဓာတ်တက်ခြင်း နည်းသည်ဟု ဆိုသည်။

ရလဒ်အရ အမှတ်စဉ်(၃)က သွေးတွင်းသကြားဓာတ်လျှော့နည်းစေသည့် အာနိသင်အရှိဆုံးဟု ဆိုပါသည်။ ပမာဏတူ ထမင်းကို အမှတ်စဉ်(၁)၊ (၂)၊ (၃)အတိုင်းယှဉ်ပြီး လက်တွေ့စားသုံးကြည့်နိုင်ပါသည်။

မျိုးဦး

# အနှံ့အရှ လှပကြော့မော့ မြန်မာ့ပန်းတော့

မြန်မာ့ရိုးရာလက်မှုပညာ ပန်းဆယ်ဖြာကို ကုန်းဘောင်ခေတ် စာဆို လက်ဝဲသုန္ဒရအမတ်ကြီးက သာဓိနပျို့တွင် ပန်းဆယ်မျိုး ရှိကြောင်း ဖော်ပြခဲ့ပါတယ်။

ကြိုးပန်းစုံစေ့ အမွှေ့အသိမ်ပန်းထိမ်တစ်လျှည်၊ ပန်းတဉ်း တစ်လီ၊ ပန်းချီတစ်လွှဲ၊ ပန်းပဲတစ်ခု၊ ပန်းပုတစ်တန်း၊ ပန်းတော့ ပန်းရန်မလွတ်၊ ပန်းပွတ်တစ်လည်၊ ပန်းယွန်း၊ အလုပ်သည်လည်း ဖြီးစည်များစွာ လို့ ရေးဖွဲ့ခဲ့တာကြောင့် ပန်းတမော့အပါအဝင် လက်မှုပညာရပ်တွေကို ခြုံငုံပြီး မြန်မာ့လက်မှုအနုပညာရယ်လို့ သတ်မှတ်ခေါ်ဆိုခဲ့ကြပါတယ်။

မြန်မာ့လက်မှုပညာရပ် ထွန်းကားရာ မန္တလေးရွှေမြို့တော် ကြီးမှာတော့ ရတနာပုံခေတ်လက်ကျန် ရိုးရာအနုပညာလက်ရာ တွေနဲ့ ရတနာပုံခေတ်နောက်ပိုင်း တည်ဆောက်ခဲ့ကြတဲ့ သာသနိက အဆောက်အအုံတွေထဲမှာ ပရိယတ္တိသာသနဟိတအသင်း ဗိမာန် တော်ကြီးဟာလည်း မန္တလေးမြို့ရဲ့ ကျက်သရေဆောင် ဗိမာန်ကြီး တစ်ခုဖြစ်ပါတယ်။ ပန်းတော့လက်ရာ ကနုတ်ပန်းများနဲ့ တွေ့ရပါ တယ်။ ဗိမာန်တော်ကြီးကို ပရိယတ္တိသာသနဟိတအသင်းကြီးက မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ကုသိုလ်ရှင်တို့ အလှူငွေတွေနဲ့ တည်ဆောက်ခဲ့ပါတယ်။ နိုင်ငံကျော်နယ်လှည့်မဗ္ဗကထိက ဆရာ ကြီး ဦးလှသိန်းက တရားဟောကာ အလှူငွေရှာကြံပေးခဲ့ပြီး အသင်းရဲ့ဥက္ကဋ္ဌကြီးအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဝဏ္ဏကျော်ထင် ဗိသုကာ ဆရာဆိုင်က တာဝန်ယူဆောက်လုပ်ခဲ့ပါတယ်။

ဗိမာန်တော်ကြီးရှေ့တစ်နေရာမှာ ဗိသုကာဆရာဆိုင်ရဲ့လက်ရာ အင်္ဂတေနရားရုပ်လုံးကြီးတွေကို မြင်တွေ့လေ့လာမိပါတယ်။ ဘုရား ကြီး မြောက်စောင်းတန်းထိပ် ပြာသာဒ်ရှိ နရားရုပ်ကြီးတွေလိုပဲ၊ အချိုးအစားကျပြီး မြူးကြွအသက်ဝင်နေတဲ့ နရားရုပ်ကြီးတွေမှာ ပါရှိတဲ့ အင်္ဂတေပန်းတော့ အနုစိတ်လက်ရာတွေကို အံ့ဩငေးမော ကြည့်ရှုခဲ့ပါတယ်။ ဗိသုကာဆရာဆိုင်ရဲ့ လက်ရာဖြစ်ကြောင်း သိရ ပါတယ်။

နရားရုပ်ဦးခေါင်းပိုင်းနဲ့ အမောက်ထိပ်ဖျားမှာ ပြုလုပ်ထားတဲ့ ပန်းတော့ပညာရပ်နဲ့ အင်္ဂတေကနုတ်ပန်းအကြွအလှတွေကို တွေ့မြင် ရသလို ရှေ့လက်နှစ်ဖက်နဲ့ နောက်ခြေနှစ်ဖက် အမြီးပိုင်းမှာရှိတဲ့ ပန်းကနုတ်တွေဟာ ဘယ်ဟာကိုမှ မထိကပ်ထားဘဲ သီးသန့်အလွတ် အကြွအရှပန်းကနုတ်တွေအနေနဲ့တွေ့မြင်ရတာကြောင့် ပန်းတော့ ပညာရပ်ရဲ့ အဓိကကျပြီး၊ ဆွဲဆောင်နိုင်တဲ့ ပညာသားတွေလို့ ပန်းတော့ ပညာရပ်ရဲ့လက်ရာအပေါ်မှာ အံ့သြဘနန်း ရှုမြင်သုံးသပ် မိပါတယ်။ ပန်းကနုတ်တွေကို အလွတ်လုပ်ထားတာကြောင့် ချီးကျူး မိပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ အမြောက်အမြားရှိနေတဲ့ သာသနိက အဆောက်အအုံဖြစ်တဲ့ သစ်သားပြာသာဒ်၊ သံပြာသာဒ်၊ အင်္ဂတေ ပြာသာဒ်တွေကို တွေ့မြင်နိုင်ခွင့်ရှိနေတာကလည်း မြန်မာမှုအင်္ဂတေ ပန်းတော့ပညာရှင်ကြီးတွေ ရှိခဲ့ကြတာကြောင့်လည်းဖြစ်ပါတယ်။

ပန်းတော့ပညာရပ်ဟာ အဆောက်အအုံတွေ၊ သာသနာရေးဆိုင် ရာ၊ အဆောက်အအုံတွေသာမက ဘုရားစေတီနဲ့ ပြာသာဒ်တို့မှာ တပ်ဆင်ကြတဲ့ ထီးတော်တွေကိုလည်း အင်္ဂတေပန်းတော့အတတ်နဲ့ အလှပဆုံး အခိုင်ခံ့ဆုံး ထည့်သွင်းပြုလုပ်ကြပါသေးတယ်။ ထီးတော် တွေနဲ့ပတ်သက်လို့ လေ့လာကြည့်ရာမှာ နှစ်မျိုးရှိတယ်လို့ သိရပြီး မကိုဋ်ပုံ၊ ချည်ဝင်ပုံ၊ ထီးပုံစံတွေဖြစ်ပါတယ်။ မကိုဋ်ပုံထီးမှာ အဝ ကျယ်ကားပြီး ချည်ဝင်ပုံထီးပုံစံမှာ ခပ်စုစုပုံစံ ဖြစ်ပါတယ်။ ဘုရား စေတီ၊ ထီးတော်တွေကို သံထီးတော်၊ ကြေးထီးတော်၊ ယနေ့ခေတ် ရွှေရောင်၊ ငွေရောင်စတီးထီးတွေအဖြစ် တွေ့မြင်ကြရသလို ရှေးခေတ်က တချို့သော ဘုရားစေတီတွေမှာ အင်္ဂတေ ပန်းတော့ထီးတွေကိုလည်း လက်ရာကောင်းကောင်းနဲ့ ပြုလုပ်တပ်ဆင်ခဲ့ကြပါတယ်။ ကျောက်ထီး တွေကိုတော့ ပန်းတမော့ထုဆစ်နည်းနဲ့ ထီးတော်ပုံစံဖြစ်အောင် ထုဆစ် ပြီး စေတီထိပ်မှာ အင်္ဂတေငုံကာ ခိုင်ခံ့အောင် တပ်ဆင်ပူဇော်ကြ ပါတယ်။

ပန်းရန်ပန်းတော့လုပ်ငန်းဆိုတာက ပျူခေတ်မတိုင်ခင် ကတည်း က ပေါ်ပေါက်ခဲ့တဲ့ပညာရပ်ဖြစ်ပါတယ်။ အဆောက်အအုံဆောက်လုပ် ရာမှာ အခြေခံဖြစ်တဲ့ အုတ်တွေကို အင်္ဂတေနဲ့ တွဲကပ်စေတဲ့ပညာ ရပ်ဖြစ်တာမို့ ပန်းရန်ပညာမပါရှိရင် အုတ်အဆောက်အအုံတွေဖြစ် မလာနိုင်ပါဘူး။ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ ပျူခေတ်၊ ပုဂံခေတ် လက်ရာတွေထဲမှာ ပုဂံခေတ်၊ ပုဂံဘုရားပုထိုးစေတီတွေကို လေ့လာ ကြည့်ရင် မြန်မာတို့ရဲ့ ပန်းရန်ပန်းတော့ဗိသုကာအတတ်ပညာကို သိမြင်နိုင်ပါတယ်။ အဲဒီလိုပန်းရန်ပညာနဲ့ နီးနွယ်ဆက်စပ်နေတဲ့ ပန်းတော့ပညာရပ်မှာတော့ အင်္ဂတေနဲ့ ပန်းခက်၊ ပန်းလက်၊ ရုပ်လုံး၊ ရုပ်ကြွအမျိုးမျိုးပြုလုပ်တဲ့ အတတ်ပညာဖြစ်ပါတယ်။ အုတ်ကျောင်း၊ တံကဲ၊ ပြာသာဒ်ဆောင်၊ ဘုရားပလ္လင်နောက်ခံတံကဲ၊ လင်းနို့တောင် ဒုရင်တွေမှာ ပန်းတော့လက်ရာကောင်းတွေ တွေ့ရပါတယ်။ မန္တလေးမြို့ မှာရှိတဲ့ အတုမရှိကျောင်းတော်ကြီးရဲ့ အုတ်ခုံမုခ်လှေကားတွေမှာပါရှိတဲ့ အင်္ဂတေပန်းတော့လက်ရာတွေကတော့ ရတနာပုံခေတ်ပန်းတော့ လက်ရာတွေဖြစ်ပါတယ်။ ယောအတွင်းဝန် ဦးဘိုးလှိုင် ကြီးကြပ် ဆောက်လုပ်ခဲ့တဲ့ ကျောင်းတော်ကြီးကို မြန်မာမှု အုတ်၊ အင်္ဂတေ ပန်းတော့လက်ရာတွေနဲ့ ခမ်းနားထည်ဝါစွာ တွေ့မြင်ကြရပါတယ်။

ဘိလပ်မြေ၊ ထုံး၊ သဲရောစပ်ထားတဲ့ အင်္ဂတေမဆလာကို အသုံး ပြုတာချင်း အတူတူဖြစ်တာကြောင့် ပန်းရံလုပ်ငန်း၊ ပန်းတော့လုပ်ငန်း လို့ သီးခြားခွဲပြီး မခေါ်ကြတော့ဘဲ ပန်းရန်လုပ်ငန်းတစ်မျိုးတည်းဖြစ် တယ်လို့ ထင်ကြပါလိမ့်မယ်။ ပန်းရန်အတတ်နဲ့ ဆောက်လုပ်ထားတဲ့ ဘုရားစေတီ ဒါမှမဟုတ် အဆောက်အအုံဆောက်လုပ်တာ အစရှိတဲ့ အင်္ဂတေပိုင်းဆိုင်ရာ ပန်းရန်၊ ပန်းတော့ပညာရပ်နည်းပညာတွေဟာ အမြဲဒွန်တွဲနေတတ်ပါတယ်။

ရှေးခေတ်ဗိသုကာပညာရှင်တို့ အသုံးပြုကြတဲ့ အင်္ဂတေ အစပ် အဟပ်ဟာ တမာစေး၊ ဥသျှစ်စေး၊ သကာရည်၊ တင်လဲရည်၊ ကျောက် မှုန့်၊ ထုံး၊ သဲ အစရှိတဲ့ပစ္စည်းတွေကို ရေနဲ့ဖျော်စပ်ပြီး အင်္ဂတေအဖြစ် အသုံးပြုခဲ့ကြပါတယ်။ ဘုရားစေတီတွေမှာ အနုစိတ်ပန်းဖော်ရာ ပန်း တော့ပညာရပ်ကို တွေ့ရပါတယ်။ စေတီအောက်ခြေပိုင်းမှာတော့ ခြင်္သေ့ ရုပ်တုတွေ၊ မနုသီဟရုပ်တုတွေ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သိကြားမင်း၊ ယက္ခကုမ္ဘာဏ်၊ ဘီလူး၊ ဂဠုန်၊ နဂါးရုပ်တွေ အစရှိတဲ့ ရုပ်လုံး၊ ရုပ်တု၊ ရုပ်ကြွဆိုတာတွေမှာ အနုစိတ်ပုံဖော်လုပ်ကိုင်ရတာဟာ ပန်း တော့ပညာပဲဖြစ်ပါတယ်။ အမှန်တော့ သစ်သားရုပ်စုံကျောင်းတော် ကြီးတွေမှာပါရှိတဲ့ ဇာတ်၊ နိပါတ်သရုပ်ဖော်ပုံစံမျိုးတွေကို ကြည့်ပြီး အင်္ဂတေနဲ့ ပုံဖော်ရတာ မလွယ်ကူပါဘူး။ ဒါကြောင့်လည်း ရှေးစာဆို ပညာရှင်တို့က မြန်မာ့လက်မှုပညာရပ်တွေကို ဂုဏ်ပြုလို့ ကဗျာ၊ အလင်္ကာစာပေတွေ ရေးစပ်ဖွဲ့နွဲ့ခဲ့ကြတာတွေ့ရပါတယ်။

မြန်မာနိုင်ငံအတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သစ်သား ရုပ်စုံကျောင်းတော်ကြီးတွေမှာ စလေရုပ်စုံကျောင်း၊ စကုရုပ်စုံကျောင်း၊ လယ်ကိုင်းရုပ်စုံကျောင်း၊ စလင်းရုပ်စုံကျောင်း အစရှိတဲ့ ရှေးဟောင်း လက်ရာတွေဟာ သမိုင်းအရ ပုဂံခေတ်မှ ရတနာပုံခေတ်အထိ လက် ရာမျိုးစုံ တွေ့မြင်နိုင်တာကြောင့် ယဉ်ကျေးမှုအနေနဲ့ တန်ဖိုးဖြတ်လို့ မရပါဘူး။ အဲဒီရုပ်စုံကျောင်းတော်တွေက သရုပ်ဖော် ရုပ်လုံးရုပ်ကြွ၊ ပန်းခက်ပန်းလက်၊ ကနုတ်ပန်းတွေအတိုင်း ပန်းတော့ပညာရှင်တွေ ဟာလည်း ပန်းရန်သုံးကိရိယာ သံလက်မျိုးစုံ အသုံးပြုပုံဖော်ကြ ရတာဟာ ပန်းတော့ပညာရပ်ရဲ့ ဂုဏ်ဟာလည်း မသေးပါဘူး။ ပန်းဆယ်မျိုး စာရင်းဝင်ပါတယ်။ ပန်းတော့လက်ရာအများဆုံး တွေ့ရှိရတာကတော့ ရန်ကုန်မြို့၊ သံလျင်ဒေသ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်၊ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားရင်ပြင်တော်အတွင်း ရှိ ပြာသာဒ်တံကဲများ၊ ရန်ကုန်မြို့တော်ခန်းမကြီးရဲ့ မြန်မာမှုအနု ထည် ပန်းကနုတ်အင်္ဂတေပန်းတော့ လက်ရာတွေဟာ ထည်ဝါ ဝင့်ကြွားလို့ ရှိနေပါတယ်။

အင်္ဂတေပန်းတော့ ကနုတ်ပန်းနဲ့ သစ်သားပန်းပုတို့ လုပ်ကိုင် ပုံဖော်ရာမှာ သစ်သားပန်းပုဆိုတာ ဆောက်တစ်ချက် လွန်သွားရင် ပြင်ဖို့ ခက်ခဲလှပါတယ်။ သစ်သားထက် ဘိလပ်မြေ၊ အင်္ဂတေကတော့ ကိုယ်အလိုရှိသလို ပြုပြင် ဖို့နှုတ်ပြီး လုပ်ယူနိုင်တာဖြစ်လို့ အင်္ဂတေ ကို လိုးရတာ စိတ်သက်သာတယ်လို့ ပညာရှင်တို့ ပြောကြပါတယ်။ ပန်းတော့ပညာနဲ့ ပန်းပုပညာကို နှိုင်းယှဉ်ပြရရင် နန်းတော်ဒုရင်နဲ့ ကျောင်းဒုရင်တို့ ထူးခြားချက်ရှိပါတယ်။ နန်းတော်ဒုရင်ဆိုတာ ရှင် ဘုရင်ရဲ့ ဦးထိပ်ပေါ်မှာရှိလို့ ဘယ်လိုအရုပ်မျိုးမှ မထည့်ရပါဘူး။ ကျောင်းဒုရင်မှာတော့ အရုပ်ထည့်လိုက ထည့်နိုင်ပါတယ်။ ဘုရား ပြာသာဒ်ဒုရင် အရုပ်တွေထည့်ကြပါတယ်။ သစ်သားပန်းပုရုပ်ထည့် တာရှိသလို၊ အင်္ဂတေပန်းတော့ရုပ်လုံးပန်းဖော်တာတွေလည်း ရှိပါ တယ်။

အင်္ဂတေပန်းတော့လက်ရာတွေဖြစ်တဲ့ လူရုပ်၊ နတ်ရုပ်၊ နရား ရုပ်၊ ပဥ္စရူပရုပ် အစရှိတဲ့ ဆန်းပြားတဲ့ ပန်းတော့၊ ပန်းရန်၊ ရုပ်လုံး တွေကိုတွေ့ရင် ပန်းတော့ပညာရဲ့ ပညာသားပါမှုတွေကို တွေ့မြင်ရ ပါမယ်။ ဒါပေမယ့် ပန်းရန်လက်ရာကောင်းတယ်လို့ပဲ ပြောကြ ပါတယ်။ ပန်းတော့ပညာဆိုတာကို လူသိနည်းပါတယ်။ အင်္ဂတေ ဆိုင်ရာ အနုပညာလက်ရာတွေဟာ ပန်းရန်နဲ့ ပန်းတော့တွဲဖက် လုပ်ဆောင်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ လူသိနည်းတဲ့ ပန်းတော့ ပညာရပ်ကို စာဖတ်သူတို့ သိရှိနိုင်စေဖို့ ရေးသားတင်ပြလိုက်ရ ပါတယ်။

ဦးနေဝင်း-ဗန္ဓုလ (ကြေးသွန်း)

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် အောက်တိုဘာ ၂၁**

သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်း ဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူ များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက် နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ အငှမစက်ဝန်း ထုတ်ချေးခြင်းကို ယမန်နေ့ မွန်းလွဲ ပိုင်းကတောင်ထောင့်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်း နိုင်ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း ရည် ရွယ်ချက်များနှင့်အကျိုးကျေးဇူး များ၊စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေး ရာတွင် လိုက်နာရမည့် စည်းကမ်း ချက်များ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေလွှဲပြောင်း ပေးအပ်သည်။ ထို့နောက် မြစိမ်း ရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောင်ထောင့် ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၀ ဦး ငွေကျပ် ၃၆ ဒသမ ၈ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး ငွေ ကျပ် ၅ ဒသမ ၅သန်း၊ အရောင်း အဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး ငွေကျပ် ဝ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးငွေကျပ် ဝ ဒသမ ၃ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦး ကို အငှမအကြိမ်မြောက်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံ ငွေကျပ် ၄၃ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အောက်ပုံ)

မှုမှုစန်း



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၅)၊ ဦးပိုင်နံပါတ်(၂၄)ဟု ခေါ်တွင်သော မြေဧရိယာ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဝင်းမြင့်နှင့် ဦးမှတ်တင်တို့ အမည်များဖြင့် မြေနေရာချထားပေခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ်(ရေ+မီးအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်စန်းစန်းကြည် (ဘ)ဦးမြတ်ထွန်း(၉/မရတ(နိုင်)၀၈၆၀၄၅) ပါ(၅)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဇော်ဦး(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ဖဖ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၁၃၂)ဟု ခေါ်တွင်သော မြေဧရိယာ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဝင်းလှိုင်(ဘ)ဦးသန်းမောင်(၉/မခန(နိုင်)၀၃၉၈၇၁)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ဆုံးအခြမ်း (၁၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ(ရေ+မီးအပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်အေးအေးနိုင်(ဘ)ဦးသိန်းရ(၉/ခမစ(နိုင်)၀၁၁၆၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဇော်ဦး(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ဖဖ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရေထွန်းရပ်ကွက်၊ အကွက်အမှတ်(၁-စ)၊ ဦးပိုင်နံပါတ်(၈၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၉)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဗိုလ်မှူးကြီးလှိုင်ထွန်း(ဘ) ဦးချစ်ထွေး(၁၃/နစန(နိုင်)၀၀၁၉၆၆)အမည်ဖြင့် ဂရန်ချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၃၀×၅၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးအေးစိုး(ဘ)ဦးအုံးဖေ(၉/မတရ(နိုင်)၁၂၂၉၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေဇော်ဦး(LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ဖဖ-၃/၇၁၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၈၅၉၁၀**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၃)၊ ဦးပိုင်အမှတ်(၂၂)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ ဦးအောင်စိန်အမည်ပေါက် တောဂရန်မြေကွက်အား မန္တလေးခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၃၄/၂၀၂၀)တွင် (၁၉-၈-၂၀၂၀)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးအောင်စိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၄၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မခမ်း(၁/မညန(နိုင်)၀၅၈၀၄၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၇၂၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပတ်စပို့စ်ပျောက်ဆုံးကြောင်း ကြေညာခြင်း

ဦးဧယျာထွန်း (ဘ)ဦးလှဒင်(၈/နမန(နိုင်)၀၂၂၂၈၅)ကိုင်ဆောင်သူ၏ **Passport No. MB.826668** သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးဧယျာထွန်း**

**ဖုန်း ၀၉-၄၃၁၄၃၂၈၃**

## ပတ်စပို့စ်ပျောက်ဆုံးကြောင်း ကြေညာခြင်း

ဒေါ်ဝင်းသန္တာ (ဘ) ဦးကျော်ဝင်း(၁၂/မရက(နိုင်)၁၃၆၁၂၈) ကိုင်ဆောင်သူ၏ **Passport No.MB.8391696** သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်ဝင်းသန္တာ**

**ဖုန်း ၀၉-၇၆၇၈၇၀၆၇၄**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၉)၊ ဦးပိုင်အမှတ်(၈၇)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂၂လမ်းနှင့် ၁၂၃လမ်းကြားရှိ ဒုတကဝမ်းမောင် အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၀၄/၂၀၂၃)တွင် (၂၇-၁၀-၂၀၂၃)ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဒုတကဝမ်းမောင် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၉၃၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်ဝင်း(၉/မနတ(နိုင်)၀၂၃၉၉၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၇၂၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက် အမှတ်(၇၀၅)၊ ဦးပိုင်အမှတ်(၃၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၄)ဧက အကျယ်အဝန်းရှိ ဦးဘောပု အမည်ပေါက် ဘိုးဘပိုင်မြေကွက်ကို ဒေါ်သင်းသင်း(ဘ)ဦးသိန်း(၉/မရတ(နိုင်)၀၆၆၈၅၄) ကိုင်ဆောင်သူမှ ဦးဝဏ္ဏငွေး (ဘ) ဦးဘကြည်(၉/မဟမ(နိုင်) ၀၅၉၀၈၄)ကိုင်ဆောင်သူထံသို့ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏(၂၅-၅-၂၀၁၈)ရက်စွဲပါ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၃၉/၂၀၁၈)အရ လွှဲအပ်ပေးထားခဲ့ပါသည်။

ယခုလွှဲအပ်သူ လွှဲအပ်ပေးထားသည့် အထက်ပါအထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ ပြီးစီးသည်ဖြစ်၍ လွှဲအပ်သူ ဒေါ်သင်းသင်းမှ ဦးဝဏ္ဏငွေးသို့ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းလိုက်ပါသည်။ အဆိုပါဖျက်သိမ်းသည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်း(၉/မရတ(နိုင်)၀၆၆၈၅၄)**
**အကွက်(၇၀၄)၊ မောရဂီဝါရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဒေါ်သင်းသင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ငွေး(တရားလွှတ်တော်ရှေ့နေ)**
**အကွက်(၆၈၀)၊ မောရဂီဝါရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆင်ရှာမြင်းမှူးကျေးရွာနေ ဦးစောမောင်(ဘ)ဦးတိုး(၉/အမရ(နိုင်)၀၅၅၇၀၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမရပူရမြို့နယ်၊ ကွင်းအမှတ်-၆၂၆(ရေကြည်ပေါက်ကွင်း)၊ ဦးပိုင်အမှတ်-၄၅/၂၊ ဧရိယာ (၀ ဒသမ ၃၇)ဧက ကိုင်းမြေနှင့် ကွင်းအမှတ်-၆၂၆(ရေကြည်ပေါက်ကွင်း)၊ ဦးပိုင်အမှတ်-၁၂၀၊ ဧရိယာ (၀ ဒသမ ၁၄)ဧကရှိ ကိုင်းမြေများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လယ်ယာမြေပုံစံ(၇) စာအုပ်တွင် ကျွန်ုပ်မိတ်ဆွေ အမည်ပေါက် ကိုင်းမြေများဖြစ်ပြီး အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လယ်ယာမြေပုံစံ(၇)စာအုပ် (၂)အုပ်မှာ သိမ်းဆည်းထားရာတွင် ရှာဖွေမတွေ့ရှိဘဲ ပျောက်ဆုံးသွားပါသဖြင့် အဆိုပါ ကျွန်ုပ်မိတ်ဆွေအမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လယ်ယာမြေပုံစံ(၇) စာအုပ်မူရင်း (၂)အုပ်အား လက်ဝယ်ကိုင်ဆောင်ထားသူ မည်သူ့ကိုမဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကိုင်းမြေ(၂)ကွက်နှင့် ပတ်သက်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လယ်ယာမြေပုံစံ (၇)စာအုပ်များအား အသစ်ထပ်မံလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံတွင်ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံတွင်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက သက်ဆိုင်ရာမြို့နယ်မြေစာရင်းဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ထံတွင် ပုံစံ(၇)အသစ် ထပ်မံလျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစောမောင်(ဘ)ဦးတိုး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ထွန်း(LL.B) စဉ်-၆၃၇၇**
**ဒေါ်ဝင်းဝင်းစိုး(LL.B) စဉ်-၁၆၄၃၁**
**တရားလွှတ်တော်ရှေ့နေများ**
**ယဉ်တော်စံပြကျေးရွာ၊အမရပူရမြို့နယ်။**
**ဖုန်း ၀၉-၂၅၆၂၉၇၉၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၄၀)၊ ဦးပိုင်အမှတ်(၄၂-ခ) ဦးကျော်သောင်း+ဒေါ်အေးတင် အမည်ပေါက်ဘိုးဘပိုင်မြေကွက်အတွင်းမှ မြောက်ဘက်အစိတ်အပိုင်း အရှေ့အနောက်(၄၈)ပေ၊ တောင်မြောက်(၁၆)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ၊ သွပ်မိုး(နှစ်ထပ်)အဆောက်အအုံ၊ သွယ်တန်းထားသော ရေမီတာ၊ မီးမီတာ ဆက်လက်အသုံးပြုခွင့်အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ချောစုလှိုင်(ဘ)ဦးမောင်မောင်ကြီး(၉/မဟမ(နိုင်)၀၀၆၆၉၃)ပါ(၆)ဦးတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးကျော်မြင့်(ခ)ဦးဖိုးကျော်(LL.B)  ဒေါ်ဝင်းဝင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၉၀၁)၊ ချမ်း/မြောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၇၆၊ ၀၉-၄၂၃၄၂၉၉၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂၂)၊ ဦးပိုင်အမှတ်(၆/ခ-၁)၊ ဧရိယာ(၁၅×၂၀ သို့မဟုတ် ၁၀×၃၀)ပေ အကျယ်အဝန်းရှိမြေကွက်သည် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ဦးအေးကြူ(ဘ)ဦးသန်းမောင်(MDYNE-၀၀၆၈၇၉)အမည်ဖြင့် ချထားပေးခြင်းခံရသော မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်၏ မြေချထားမိန့်(စလစ်)မူရင်းမှာ ကျွန်မ၏လက်ဝယ်တွင် အသိမ်းအဆည်းလွန်၍ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ကျွန်မမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းထားခြင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါဘဲ မိမိသာလျှင် လက်ရှိနေထိုင်အသုံးပြုလျက်ရှိသည်မှာ မှန်ကန်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း အထက်ပါမြေကွက်၏ မြေချထားမိန့်(စလစ်)မူရင်းကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်အေး(၉/မရမ(နိုင်)၀၃၁၉၀၀)**
**အကွက်အမှတ်(ဗ-၂၂/၆/ခ-၁)၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်နေ ဒေါ်ကြည်ကြည်ငွေး(ဘ) ဦးစောမောင် (၉/ပသက(နိုင်)၀၀၈၀၈၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ ရန်ကင်းအောင်ရပ်ကွက်ရှိ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၅၈)၊ အရှေ့လားသော်-ဦးစိုင်းကိုကို ဝိုင်းမြေ၊ အနောက်လားသော်-ဒေါ်စန္ဒာလှိုင် ဝိုင်းမြေ၊ တောင်လားသော်-ဦးဇော်လတ် ဝိုင်းမြေ၊ မြောက်လားသော်-လမ်း စသည့် အလားလေးရပ်အတွင်းရှိ အကျယ်(၂၅×၄၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့မှာ ဒေါ်ကြည်ကြည်ငွေးမှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော နေအိမ်ဝိုင်းမြေကွက် ဖြစ်ပါသည်။ ၎င်းအထက်ပါ နေအိမ်ဝိုင်းမြေကွက်အား ဒေါ်ကြည်ကြည်ငွေး အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ လှူဒါန်းထားခြင်း၊ လွှဲပြောင်းထားခြင်းမျိုး လုံးဝမရှိပါ။ ထို့ကြောင့် အထက်ပါနေအိမ်ဝိုင်းမြေကွက်၏ လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်ကြည်ငွေး သိရှိခြင်းမရှိဘဲ တစ်စုံတစ်ရာဆောင်ရွက်ထားပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်းနှင့် လိုအပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအား အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ကြည်ကြည်ငွေး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲဆုရည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့။**
**ဖုန်း ၀၉-၄၀၂၇၇၇၇၄**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


## ယနေ့ ဖတ်စရာအညွှန်း

ချူယာမန်နီ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ ပွဲ ၁၀၀ ပြည့်မြောက်
စာမျက်နှာ ၁၁

ပီသနိုးဘုရင်မဝတ်စုံဖြင့် ပရိသတ်များ၏ အားပေးမှုကို ရရှိနေသည့် Miss Grand Myanmar သဲစုငြိမ်း
စာမျက်နှာ ၁၃

စာဖတ်ခြင်းရဲ့အကျယ်အဝန်း (ဆောင်းပါး)
စာမျက်နှာ ၁၇

ကျန်းမာရေးရာ ထိပ်တန်းသုတများ
စာမျက်နှာ ၁၉



## မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်များ အပတ်စဉ် ပျံသန်းပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်အသစ်ဖြစ်သော ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်များကို အပတ်စဉ် တနင်္ဂနွေနေ့နှင့် မန္တလေး - ညောင်ဦး - ပုသိမ် - ရန်ကုန် ခရီးစဉ်များကို အပတ်စဉ် တနင်္လာနေ့တွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၇ သို့ ●




## အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်




နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့ညနေ ၄ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ

စာမျက်နှာ ၁၂ သို့ ✪

## (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV – Parliament၊ MRTV-NRC၊ MWD-HD၊ MWD Variety-HD Channel များနှင့် MOI Website ၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံ ရေဒီယို ၊ သဇင် FM ၊ မန္တလေး FM ၊ ပဉ္စဝတီ FM ၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်